# THE EASIEST ENGLISH IDIOMS

(ဒုတိယအကြိမ်)

## အလွယ်ဆုံး အီဒီယမ်များ

### အငြိမ်းစား ဘာသာအရာရှိတစ်ဦး

စာအုပ်တိုက်

designed by tin htoon

# THE EASIEST ENGLISH IDIOM

## အလွယ်ဆုံးအီဒီယမ်များ

## အငြိမ်းစားဘာသာအရာရှိတစ်ဦး

- အလွယ်ဆုံး
- အရှင်းဆုံး
- လေ့လာဖတ်ရှု မှတ်သားနိုင်ရန်
  ရေးသားပြုစုထားသည်။

ထုတ်ဝေခြင်း
မေလ၊ ၂၀၁၇
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်၊ ဖေယျာမိုးစာအုပ်တိုက်၊ ၁၀၀၀ အုပ်
မျက်နှာဖုံးဒီဇိုင်း
ဦးတင်ထွဏ်း
အဖုံးဖလင်
Eagle
အတွင်းဖလင်
Dream City
ကွန်ပျူတာစာစီ
Dream City, 09 73052433
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက် ၀၀၆၉၀)
၁၇၂၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးမိုးကျော် (ဖေယျာမိုးစာအုပ်တိုက် ၀၀၆၈)
အမှတ် ၁၉ H၊ ၇ လွှာ။ ၅၅ လမ်း (လယ်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၁၅၀၀ ကျပ်

၄၂၅
အငြိမ်းစားဘဏ်အရာရှိတစ်ဦး
အလွယ်ဆုံးအီဒီယံများ/အငြိမ်းစားဘဏ်အရာရှိတစ်ဦး။
- ရန်ကုန်။
ဖေယျာမိုးစာအုပ်တိုက်၊ ဒုတိယအကြိမ်၊ ၂၀၁၇။
၁၄၀ - စာ၊ ၁၃ x ၂၀ စင်တီ။
(၁) အလွယ်ဆုံးအီဒီယံများ

## ထုတ်ဝေသူ၏ စေတနာစကား

စာသင်သားများနှင့်တကွ အင်္ဂလိပ်စာပေလေ့လာလိုက်စားသူများ အတွက်ပါ ရည်ရွယ်၍ ဧယျာမိုးစာပေမှ The Easiest English Idiom စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါတယ်။

The Easiest English Idiom ဆိုသည့် နာမည်နှင့် လိုက်ဖက် ညီစွာ ပြုစုထားကြောင်း ဦးစွာ အသိပေးပါရစေ။ စာသင်သားများ လွယ် လင့်တကူ လေ့လာဖတ်ရှုမှတ်သားနိုင်ရန် အလွယ်ဆုံး၊ အရှင်းဆုံးသော Idiom များကို ရွေးချယ်စုဆောင်း၍ အက္ခရာစဉ်အတိုင်း ရေးသားပြုစု ထားသည့်အပြင် ဆိုလိုရင်းသဘောသဘာဝများကိုလည်း တိကျသေချာ စွာ နားလည်သဘောပေါက်နိုင်ရန်အတွက် Sentence (ဝါကျ)များဖြင့် ရေးပြထားပါသေးသည်။

အကယ်၍ စာသင်သားများ ဤစာအုပ်ကို နှစ်ခြိုက်သဘောကျ သည်ဆိုပါက သူငယ်ချင်းအပေါင်းအသင်း ရောင်းရင်းများကိုလည်း လက် တို့၍ ပြောဆိုညွှန်ပြပေးကြပါရန် မေတ္တာရပ်ခံပန်ကြားရင်း . . .

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

**မိုးကျော်**
**ဧယျာမိုးစာပေ**

## A

**1. A bone of contention**

*A subject of dispute*

*အငြင်းပွားပြဿနာ*

◆ The Possession of Spedley island is **a bone of contention** between China and Phillipine.

စပက်(ဒ်)လီကျွန်း ပိုင်ဆိုင်မှုက တရုတ်နှင့်ဖိလစ်ပိုင်ရဲ့ ပြဿနာတစ်ခုပဲ။

**2. A bone to pick with you**

*Some cause of quarrel with you*

*သင်နှင့် ရှင်းရမည့် ပြဿနာ*

◆ I have **a bone to pick with you**

မင်းနဲ့ ရှင်းရမယ့် ကိစ္စတစ်ခု ရှိတယ်။

**3. A dead letter**

*No longer in force*

*အသက်မဝင်တော့*

◆ This Act is **a dead letter.**

ဒီဥပဒေက အသက် မဝင်တော့ပါ။

**4. A drug in the market**

*Unsaleable from lack of demand*

*အရောင်းထိုင်းပစ္စည်း*

◆ These out-dated books are **a drug in the market.**

ဒီခေတ်မမီတဲ့စာအုပ်တွေက အရောင်းထိုင်းနေတယ်။

**5. A far cry**

*Along way off*

*ခရီးအဝေးကြီး*

◆ It is **a far cry** from Yangon to Newyork.

ရန်ကုန်နှင့်နယူးယောခ် ခရီးဟာအဝေးကြီးပါ။

**6. A far cry**

*No easy transition*

*ခက်ခဲသော အပြောင်းအလဲ*

◆ It is **a far cry** from Autocracy to Democracy.

အာဏာရှင်စနစ်မှ ဒီမိုကရေစီခေတ်သို့ ပြောင်းလဲရန် ခက်ခဲသည်။

**7. A fish out of water**

*Isolated*

*အထီးကျန် မနေတတ်၊ မထိုင်တတ်*

- He is like **a fish out of water.**

သူကတော့ အထီးကျန်ပြီ။

**8. A good hand at**

*Expert at*

*ကျွမ်းကျင်သည်။*

◆ She is **a good hand at** entertaining guests.

သူမက ဧည့်ခံရာမှာ ကျွမ်းကျင်တယ်။

**9. A great hand at**

*Expert at*

*ကျွမ်းကျင်သူ*

- He is **a great hand at** organizing public.
သူဟာ လူထုကို စည်းရုံးတဲ့နေရာမှာ ကျွမ်းကျင်တယ်။

**10. A hard nut to crack**
*A difficult problem to solve*
ရှင်းရခက်သည့်ပြဿနာ

- The question of unemployment is **a hand nut to crack.**
အလုပ်လက်မဲ့ပြဿနာသည် ရှင်းရခက်သည့် ပြဿနာ ဖြစ်သည်။

**11. A man of straw**
*A man of no consequence*
အချည်းနှီးပုဂ္ဂိုလ်

- I do not want to enter into negotiation with **a man of straw.**
အချည်းနှီးပုဂ္ဂိုလ်နဲ့ မဈေးစပ်လိုဘူး။

**12. A man of his word**
*A trustworthy man*
ကတိတည်သူ

- You can safely trust him, because he is **a man of his word.**
သူဟာ ကတိတည်သူမို့ စိတ်ချယုံကြည်နိုင်ပါတယ်။

**13. A place in the sun**
*Top position*
နေရာကောင်းတစ်ခု

- Everybody wants **a place in the sun.**
လူတိုင်း နေရာကောင်းတစ်ခုတော့ လိုချင်ကြတာပဲ။

**14. A red-letter day**
*An important day*
အရေးကြီးသောနေ့

◆ January 4 is **a red-letter day** in Myanmar, because it is an Independent Day.
ဇန်နဝါရီ (၄) ရက်က မြန်မာ့လွတ်လပ်ရေးနေ့ဖြစ်၍ အရေးကြီးသည့် နေ့တစ်နေ့ ဖြစ်ပါသည်။

**15. A run of ill luck**
*A series of misfortunes*
*မကောင်းကံ တသီတတန်း*
◆ He has had **a run of ill luck.**
သူမှာ ကံမကောင်းခဲ့တာတွေ တသီတတန်းကြီး ရှိခဲ့တယ်။

**16. A thorn in his side**
*A constant source of annoyance to him*
*အမြဲတမ်း စိတ်အနှောင့်အယှက် ဖြစ်စေခြင်း*
◆ His eldest son, a drunkard, is **a thorn in his side.**
အကြီးဆုံးသား အရက်သမားကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရတယ်။

**17. An axe to grind**
*A personal interest in the matter*
*ကိုယ်ကျိုးစီးပွားအတွက်*
◆ I suspect he has **an axe to grind.**
သူ့ကိုယ်ကျိုးစီးပွား တစ်ခုရှိမယ်လို့ ကျွန်တော်တော့ မသင်္ကာ ဖြစ်မိတယ်။

**18. As good as gold**
*very good*
*အလွန်ကောင်းကျိုးပေး*
◆ The child was **as good as gold.**
ကလေးဟာ အလွန်ကောင်းကျိုးပေးတယ်။

**19. As good as him word**
*Kept his promise*
*ကတိတည်သည်။ အပြောနှင့်အလုပ် ကိုက်ညီသည်။*

◆ He was **as good as his word.**
သူဟာ ကတိတည်သူ တစ်ယောက်ပါ။

**20. At a loss**
*Puzzled*
*ဘာလုပ်ရမှန်းမသိ*
◆ He was **at a loss** what to do.
သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

**21. at arm's length**
*At a distance, hold aloof from*
*ခပ်ခွာခွာ ခပ်စိမ်းစိမ်း*
◆ I keep the stranger **at arm's length.**
သူစိမ်းကို ကျွန်တော် ခပ်ခွာခွာ ခပ်စိမ်းစိမ်းပဲ နေတယ်။

**22. At a pinch**
*In case of emergency*
*အရေးပေါ်အကျပ်အတည်း*
◆ I will do **at a pinch.**
အကျပ်အတည်းကို ရင်ဆိုင်မယ်။

**23. At a stretch**
*Continuously*
*တစ်ဆက်တည်း၊ မနားတမ်း*
◆ He sometimes works nine hours **at a stretch.**
သူက တစ်ခါတစ်ရံ (၉) နာရီတောင် မနားတမ်း အလုပ်လုပ်တယ်။

**24. At daggers drawn**
*Their relations are strained*
*ဆက်ဆံရေး ပျက်ပြားသည်*
◆ They are **at daggers drawn** ever since the dissolution of the partnership.

အစုစပ်လုပ်ငန်း ပျက်ပြားပြီးကတည်းက သူတို့ဆက်ဆံရေးလည်း ပျက်ပြားခဲ့ပါတယ်။

**25. At discretion**

*Unconditionally*

*အကန့်အသတ်မရှိ၊ ခြွင်းချက်မရှိ*

◆ The rebels surrendered **at discretion.**

သောင်းကျန်းသူများ ခြွင်းချက်မရှိ လက်နက်ချသည်။

**26. At his wit's end**

*Quite puzzled; at a loss how to act*

*ကြံရာမရ ဖြစ်စေသည်။*

◆ He was **at his wit's end.**

သူ ကြံရာမရ ဖြစ်နေသည်။

**27. At issue**

*In dispute*

*အငြင်းပွားမှု*

◆ What is the point **at issue.**

အငြင်းပွားနေတဲ့ အချက်က ဘာလဲ။

**28. At my finger's ends**

*Know it thoroughly*

*အစအဆုံး သိပြီး*

◆ I have it **at my finger's ends.**

ကျွန်တော် ဒီဟာကို အစအဆုံး သိပြီးပြီ။

**29. At one**

*Of the same opinion*

*တစ်သံတည်း*

◆ We are **at one** on the question of child marriage.

အရွယ်မရောက်သူများ လက်ထပ်ရေးကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ဟာ တစ်သံတည်းပဲ။

**3o. At sea**

*Perplexed*

ကြံရာမရ ဖြစ်စေသည်။ စိတ်ရှုပ်ထွေးသည်။

◆ I am quite **at sea.**

ကျွန်တော် ကြံရာမရ စိတ်ရှုပ်နေတယ်။

**31. At sixes and sevens**

*In disorder or confusion*

ဖရိုဖရဲ ဖြစ်နေသည်။

◆ When I entered the house everything was **at sixes and sevens.**

ကျွန်တော် အိမ်ထဲဝင်တော့ ပစ္စည်းတွေ ဖရိုဖရဲ ဖြစ်နေတယ်။

**32. At the first blush**

*At first sight*

စစချင်း၊ မြင်မြင်ချင်း

◆ The scheme appear worthless **at the first blush.**

စစချင်းတော့ စီမံကိန်းဟာ အသုံး မကျဘူးလို့ ထင်ရတယ်။

**33. At the top of the tree**

*At the head of his profession*

ထိပ်တန်းရောက်နေသည်။

◆ Last year, he is only a hawker, but he is now **at the top of the tree.**

ဟိုတုန်းကတော့ သူဟာ လမ်းဘေးဈေးသည်ပါပဲ။ ဒါပေမဲ့ အခုတော့ ထိပ်တန်းရောက်နေပြီ။

**34. At your back and call**

*Under your absolute control*

သူတစ်ပါးအရိပ် ခိုလှုံနေရသူ၊ စေလိုရာစေ ဖြစ်နေရသူ

◆ Do you expect me to be **at your back and call.**
ငါ့ကို မင်းရဲ့ စေလိုရာစေလို့ရမှာ သဘောထားနေတာလား။

**35. All ears**

*Deeply attentive*

*အထူးအာရုံစိုက်သည်။*

◆ Throught his speech the boys were **all ears.**
သူ့မိန့်ခွန်းကို အစမှအဆုံးထိ လူငယ်တွေက အထူးအာရုံစိုက်ကြတယ်။

**36. All eyes**

*Eagerly watching*

*မျက်စိဒေါက်ထောက်ကြည့်သည်။*

◆ I will **all ayes** to see what the would do.
သူ ဘာလုပ်မယ်ဆိုတာကို မျက်စိဒေါက်ထောက် ကြည့်မိတယ်။

**37. All one**

*Just the same*

*အတူတူပါပဲ။ မထူးပါဘူး။*

◆ It is **all one** to me whether he lives in Yangon or Mandalay.
သူ ရန်ကုန်မှာ နေနေ၊ မန္တလေးမှာ နေနေ ... ကျွန်တော့်အတွက် မထူးပါဘူး။

**38. All the rage**

*Extremely popular*

*အထူးရေပန်းစား*

◆ At present, singing is **all the rage.**
ခုအချိန်မှာ သီချင်းဆိုခြင်းဟာ အထူးရေပန်းစားနေတယ်။

**39. All walks of life**

*All classes of people*

*လူ့အလွှာအသီးသီးက*

- People from **all walks of life** visit Shwedagon.

အလွှာအသီးသီးကလူတွေဟာ ရွှေတိဂုံဘုရားကို လာဖူးကြတာပဲ။

**40. Are at cross-purposes**

*Misunderstand each other*

*သံသယဝင်၊ အမြင်မကြည်*

- I am afraid you two **are at cross-purposes.**

မင်းတို့နှစ်ယောက် အထင်အမြင် လွဲနေကြတာပဲ။

**41. After a fashion**

*To a certain degree, not satisfactorily.*

*ရေရေလည်လည် မသိဘူး။*

- He knows french **after a fashion.**

သူ ပြင်သစ်ဘာသာစကားကို ရေရေလည်လည် မတတ်ပါဘူး။

**42. Against time**

*With utmost speed*

*ပြင်းပြင်းထန်ထန်၊ တစ်ရှိန်ထိုး*

- He is working **against time.**

ပြင်းပြင်းထန်ထန် သူ အလုပ်လုပ်နေတယ်။

**43. Agreed to differ**

*Gave up trying to convince each other.*

*စေ့စပ်ညှိနှိုင်းမရဘဲ သဘောကွဲလွဲသည်။*

- The two friends **agread to differ** after discussion for about one hour.

တစ်နာရီလောက် ဆွေးနွေးလည်းပြီးရော မိတ်ဆွေနှစ်ယောက် သဘောထားကွဲတော့တာပဲ။

**44. Armed to the teeth**

*Over-armed*

*လိုသည်ထက်ပိုပြီး*

◆ They are **armed to the teeth.**

သူတို့က လိုတာထက်ပိုပြီး လုပ်တတ်ကြတယ်။

□

# B

**1. By fits and starts**

*Irregulary*

*ပြတ်တောင်းပြတ်တောင်း၊ မမှန်မကန်*

◆ An industrious student works steadily, not **by fits and starts.**

ဝီရိယရှိသော ကျောင်းသားသည် ပုံမှန် အလုပ်လုပ်သည်။ ပြတ်တောင်းပြတ်တောင်း မမှန်မကန် မလုပ်ပါ။

**2. By hook or by crook**

*By any means he can*

*တရားသောနည်း၊ မတရားသောနည်း*

◆ He is determined to achieve his object **by hook or by crook.**

သူရဲ့ ရည်ရွယ်ချက်ကို ဖြစ်တဲ့နည်းနဲ့ အကောင်အထည် ဖော်ဖို့ ဆုံးဖြတ်ထားပြီးသား။

**3. Bag and baggage**

*Allogether, completely*

*အတူတကွ၊ တစ်စည်းတစ်လုံးတည်း*

◆ You shall go **bag and baggage.**

မင်းတို့အားလုံး တစ်စည်းတစ်လုံးတည်း သွားသင့်တယ်။

**4. Bad blood**

*Ill-feeling, bitterness*

မကျေနပ်မှု၊ ခါးသီးမှု

◆ The controversy is likely to creat **bad blood** between the two communities.

ဒီလူစု ၂ စုကြားက အငြင်းပွားမှုဟာ မကျေနပ်စရာ ခါးသီးမှုတစ်ခု ဖြစ်အောင် ဖန်တီးမယ့်ပုံပဲ။

**5. Bear down**

*Overthrow, Crush*

နှိမ်နင်းသည်။

◆ The new government has been able to **bear down** all opposition.

အစိုးရအသစ်ဟာ အတိုက်အခံအားလုံးကို နှိမ်နင်းလိုက်နိုင်တယ်။

**6. Bear the palm**

*Are pre-eminent*

ရှေ့တန်းရောက်၊ ထူးကဲသည်။

◆ In the manufacture of motor out Japanese **bear the palm.**

မော်တော်ကားထုတ်လုပ်မှုတွင် ဂျပန်က ရှေ့တန်းရောက်နေသည်။

**7. Bear upon**

*Was relevant to*

ဆီလျော်သည်။

◆ His evidence did not **bear upon** the enquiry.

ဒီထွက်ဆိုချက်ဟာ စုံစမ်းစစ်ဆေးမှုနဲ့ မဆီလျော်ဘူး။

**8. Bear with**

*Have patience with; Show for bearence to*

သည်းခံစောင့်နေ

◆ I trust you will bear with me a few minuters more.

မိနစ်အနည်းငယ် သည်းခံစောင့်လိမ့်မယ်လို့ ငါယုံကြည်တယ်။

**9. Bear out**

*Substantiate; prove the truth*

*ခိုင်လုံသော သက်သေ ပြသည်။*

◆ The police produced evidence to **bear out** the charge of murder.

ရဲက လူသတ်မှုစွဲချက်အပေါ် ခိုင်လုံတဲ့သက်သေပြသည်။

**10. Bears out**

*Confirms, Corroborates*

*အတည်ပြု၊ ထပ်တူထွက်ဆို*

◆ His evidence **bears out** the evidence of the first witness.

သူ့သက်သေခံချက်က ပထမသက်သေရဲ့ ထွက်ဆိုချက်အတိုင်းပါပဲ။

**11. Bear up**

*To keep up spirit. Not to despair*

*စိတ်ဓာတ်မြှင့်တင်၊ ခံနိုင်ရည်ရှိစေရန် အားပေးသည်။*

◆ His father gave him strength to **bear up** in his misfortune.

သူ့ဖခင်က သူရဲ့ ကံမကောင်း အကြောင်းမလှတာတွေကို ကြံ့ကြံ့ခိုင် ခိုင်နိုင်အောင် အားပေးသည်။

**12. Beat about the bush**

*Do not come straight to the point.*

*ဟိုရောက်ဒီရောက်၊ အချက်အလက်မကျ*

◆ The speaker **beats about the bush** so much that no one knows exactly what he means to say.

စကားကို ဟိုရောက်ဒီရောက် ပြောနေတာကြောင့် ဘာကိုဆိုလိုတယ် ဆိုတာ တိတိကျကျ မသိရတော့ဘူး။

**13. Began to loose ground**

*Began to deteriorate*

*အခြေယိုင်စပြုလာ*

- This old custom has **began to loose ground** in Myanmar.

မြန်မာနိုင်ငံမှာ ဒီရှေးဟောင်းဓလေ့က အခြေယိုင်စ ပြုလာပြီ။

**14. Backed up**

*Supported*

*ထောက်ခံအားပေးသည်။*

- He **backed up** his friend's claim.

သူက သူ့သူငယ်ချင်းရဲ့ တောင်းဆိုမှုကို ထောက်ခံပါတယ်။

**15. Been in the wars**

*Hurt yourself*

*ကိုယ့်ကိုယ်ကိုယ် နစ်နာစေသည်။*

- He looks as if he has **been in the wars.**

ကိုယ့်ကိုယ်ကိုယ် နစ်နာအောင် လုပ်နေသလိုပဲ။

**16. Behind the scenes**

*In the secret*

*နောက်ကွယ်မှ ကြိုးဆွဲသည်။*

- Although he denies it, I think he is **behind the scenes.**

သူက ဒါကို ငြင်းနေပေမဲ့ နောက်ကွယ်က ကြိုးဆွဲတဲ့လူလို့ ကျွန်တော်ထင်တယ်။

**17. Better half**

*House wife*

*အိမ်သူသက်ထား*

- My friend and his **better half** never quarrel.

ငါ့မိတ်ဆွေနဲ့ သူ့အိမ်သူသက်ထား (ဇနီး)ဟာ ဘယ်တော့မှ ရန်မဖြစ်ဘူး။

**18. Beyond all question**

*Undoubtedly*

*သံသယကင်း*

◆ **Beyond all question** she is a great singer.

သူမဟာ အဆိုတော်တစ်ယောက်ဆိုတာ သံသယဖြစ်စရာ မရှိပါ။

**19. Bids fair**

*Seems likely*

*ဖြစ်မည့်ပုံပေါ်သည်။*

◆ He **bids fair** to rival his father as lawyer.

သူဟာ သူ့ဖခင်လိုပဲ ရှေ့နေတစ်ယောက် အပြိုင်ဖြစ်လာမယ့်ပုံပဲ။

**20. Beside himself**

*Out of his mind*

*စိတ်ချောက်ချားသည်။*

◆ He was **beside himself** with grief.

သူဟာ ဝမ်းနည်းကြေကွဲမှုကြောင့် ကယောင်ချောက်ချား ဖြစ်နေတယ်။

**21. Black sheep**

*Bad character soundrels*

*ဆိုးသွမ်းသူ (သိုးမည်း)*

◆ There are **black sheep** in every community.

လူ့အဖွဲ့အစည်းတိုင်းမှာ ဆိုးသွမ်းသူ(သိုးမည်း)တော့ ရှိစမြဲပဲ။

**22. Blaze the trail**

*Lead the way*

*ဦးဆောင်လမ်းပြလုပ်သည်။*

◆ No one has done this before, we must **blaze the trail.**

ဒါကို ဘယ်သူမှ မလုပ်သေးဘူး။ တို့တွေပဲ ဦးဆောင်လမ်းပြ လုပ်ရမယ်။

**23. Blow over**

*Pass off*

*ကျော်လွှားအောင်နိုင်သည်။*

◆ The present disturbance will soon **blow over.**

လောလောဆယ် အဟာန့်အတားတွေကို ကျော်လွှားနိုင်မှာပါ။

**24. Blowing his own trumpet**

*Praising himself*

*ကိုယ့်ငါးချဉ် ကိုယ်ချဉ်*

◆ As usual he is **blowing his own trumpet.**

ခါတိုင်းလိုပဲ သူ့ငါးချဉ်သူချဉ်နေပြန်ပါပြီ။

**25. Bore away**

*Won*

*ဆွတ်ခူးအောင်မြင်သည်။*

◆ He **bore away** many prizes at the school sports.

ကျောင်းကစားပွဲတွေမှာ သူဟာ ဆုတွေ အများကြီးရသွားတယ်။

**26. Born with a silver spoon in his mouth**

*Born in wealth and luxury*

*ရွှေလင်ပန်းနှင့်အချင်းဆေးသူ*

◆ That young man was **born with a silver spoon in his mouth.**

ဒီလူငယ်လေးက မွေးကတည်းက ချမ်းသာပြီး ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့ရသူပါ။

**27. Break with**

*Quarrel with*

*ပဋိပက္ခဖြစ်*

◆ I gave him no cause to **break with** me.

သူနဲ့ငါနဲ့ ပဋိပက္ခဖြစ်ဖို့ ဘာအကြောင်းမှ မရှိဘူး။

**28. Bring forth**

*Produce; Cause*

*ဖြစ်ပွားစေသည်။*

◆ Idleness **bring forth** poverty.

ပျင်းရိမှုက ဆင်းရဲစေတာပဲ။

**29. Brings in**

*Yields as rent*

*ထွက်သည်၊ ရသည်။*

◆ This building **brings in** K 10000/- a month.

ဒီအဆောက်အဦက တစ်လကို ငှားခ တစ်သောင်းရတယ်။

**30. Bring out**

*Show*

*ပြသသည်၊ သရုပ်ဖော်သည်*

◆ The taecher tried to **bring out** the meaning of a lesson by telling stories.

ဆရာက ပုံဝတ္ထုတွေပြောပြီး သူ့သင်ခန်းစာကို သရုပ်ဖော်ရှင်းပြတယ်။

**31. Bringing her round**

*Comverting her*

*ပြောင်းလွဲခံယူစေ*

◆ He found great difficulty in **bringing her round** to his views.

သူမ အမြင်ပြောင်းအောင်လုပ်ဖို့ သူ့မှာ ခက်ခဲနေတယ်။

**32. Broke down**

*Failed*

*ဖြတ်တောက်*

◆ He **broke down** in the middle of his speech.

သူ့မိန့်ခွန်း မဆုံးမီမှာ စကားပြတ်သွားတယ်။

**33. Broke off**

*Stopped suddenly*

ဖြတ်တောက်၊ ရပ်ဆိုင်း

◆ He **broke off** his relation with his parents.

သူ့မိဘများနဲ့သူ အဆက်အသွယ် ဖြတ်လိုက်တယ်။

**34. Broke into**

*Entered by force*

ချိုးဖောက်ဝင်ရောက်သည်။

◆ The robbers **broke into** the house.

ဓားပြတွေဟာ အိမ်ထဲကို ချိုးဖောက်ဝင်ရောက်လာတယ်။

**35. Brought about**

*Caused*

ဖြစ်စေသည်။

◆ His folly has **brought about** him ruin.

သူရဲ့မိုက်မဲမှုက သူ့ကို ပျက်စီးစေတာ။

**36. Brought down the house**

*Called forth loud applause*

ကောင်းချီးပေးသည်။

◆ A film star **brought down the house** by her superb acting.

ဓာတ်လိုက်တစ်ဦးရဲ့ ထူးခြားစွာ သရုပ်ဆောင်မှုကို လူတွေက ကောင်းချီးပေးကြတယ်။

**37. Brought forward**

*Adduced*

ကိုးကားဖော်ပြ

◆ He **brought forward** several arguments in support of his plan.
သူ့စီမံကိန်းကို ထောက်ခံမှုရအောင် အကိုးအကားတွေ အများကြီးနဲ့ တင်ပြသွားတယ်။

**38. Brought to light**

*Disclosed*

*ထုတ်ဖော်သည်၊ ပေါ်ပေါက်စေသည်။*

◆ The enquiry has **brought to light** some startling facts.
စုံစမ်းစစ်ဆေးမှုကြောင့် ထိတ်လန့်ဖွယ်ရာ အချက်အလက် တချို့ ပေါ်ထွက်လာတယ်။

**39. Brought out**

*Published*

*ထုတ်လုပ်သည်။*

◆ The publishers have recently **brought out** a cheap edition of dictionary.
ထုတ်ဝေသူများဟာ မကြာမီကပဲ ဈေးပေါတဲ့ အဘိဓာန်တစ်အုပ် ထုတ်လိုက်ပါတယ်။

**40. Brought up**

*Reared*

*ကြီးပြင်းအောင် မွေးမြူ*

◆ She **brought up** the orphan as her own child.
သူမသည် မိဘမဲ့ကလေးများအား သူ့သားအရင်းကဲ့သို့ မွေးမြူစောင့်ရှောက်ခဲ့သည်။

**41. Burning the candle at both ends**

*Overtaxing his energies*

*ခွန်အားကို အလွန်အကျွံ အသုံးချသည်။*

◆ I am afraid he is **burning the candle at both ends.**
သူ့ခွန်အားကို သူ အလွန်အကျွံ သုံးမှာကို ကျွန်တော်တော့ စိုးရိမ်တယ်။

**42. Bury the hatchet**
*Cease fighting, make peace*
ပြေငြိမ်းသည်

◆ The two parties now bury the hatchet and work for the country.
ဒီပါတီ ၂ ခုဟာ ငြိမ်းချမ်းရေးလုပ်ပြီး တိုင်းပြည်အတွက် အလုပ်လုပ်နေကြပြီ။

□

## C

**1. Called for**

*Demanded*

*တောင်းဆိုသည်။*

◆ The manager **called for** am explanation of conduct.

မန်နေဂျာက သူ့ရဲ့လုပ်ဆောင်ချက်တွေကို ရှင်းပြဖို့ တောင်းဆိုနေတယ်။

**2. Call in**

*Send for, Summon*

*တောင်းခံသည်၊ ဆင့်ခေါ်သည်။*

◆ **Call in** a doctor immediately.

ဆရာဝန်တစ်ယောက်ကို အမြန်ခေါ်ပေးပါ။

**3. Call off**

*cannot go on, stop*

*ရပ်ဆိုင်းသည်။*

◆ If the storm is coming on, we shall have to **call off** the game.

မုန်တိုင်းလာရင် တို့ကစားပွဲကို ရပ်ဆိုင်းရလိမ့်မယ်။

**4. Called on**

*Paid me a brief visit*

*ခေတ္တ အလည်အပတ်လာသည်။*

◆ He **called on** me yesterday.

မနေ့ကမှ သူ လာလည်ခဲ့သေးတယ်။

**5. Call out**

*Draw forth*

*ထင်လင်းစေသည်၊ ပေါ်လွင်စေသည်။*

◆ His new conduct **call out** virtues and abilities.

သူ လက်ရှိလုပ်နေတာတွေက ရိုးသားမှုနဲ့ စွမ်းဆောင်မှုတို့ကို ပေါ်လွင်စေတယ်။

**6. Call up**

*Recollect*

*အမှတ်ရသည်။*

◆ The old man could not **call up** past events.

အသက်ကြီးသူသည် အတိတ်ဖြစ်ရပ်များကို မမှတ်မိနိုင်တော့ပါ။

**7. Came up**

*Was mooted or raised for discussion*

*တင်သွင်းသည်။*

◆ The question **came up** before the meeting last week.

ဒီကိစ္စကိုပဲ လွန်ခဲ့တဲ့တစ်ပတ် အစည်းအဝေးပွဲမှာတုန်းကလည်း တင်သွင်းဆွေးနွေးခဲ့ရသေးတယ်။

**8. Catch up with**

*Cope with*

*ဘက်ပြိုင်သည်၊ အမီလိုက်သည်။*

◆ I was absent from school for a week, I must work harder to **catch up with** the rest of the class.

ငါ ကျောင်းပျက်တာ တစ်ပတ်လောက်ရှိပြီ။ တခြားကျောင်းသား

တွေကို အမီလိုက်နိုင်အောင် အတော် ကြိုးစားရမှာပဲ။

**9. Cats and dogs**

*Heavily*

*သဲကြီးမဲကြီး*

◆ It rained **cats and dogs** last night.

ညက မိုး သဲကြီးမဲကြီး ရွာသည်။

**10. Carried away**

*Deprived him of self-control*

*ဒေါသကြီးခြင်း၊ တပ်မက်မောခြင်း (ဒေါသ–ရာဂ)*

◆ His passion **carried** him **away.**

ဒေါသရာဂကို သူ မထိန်းနိုင်တော့ပါ။

**11. Carried all before him**

*Was completely successful*

*လုံးဝအောင်မြင်မှု ရရှိသည်။*

◆ Whenever he addressed public meeting he **carried all before him.**

သူသည် လူထုအစည်းအဝေးပွဲ ကျင်းပသည့်နေရာတိုင်းတွင် လုံးဝအောင်မြင်မှု ရရှိသည်။

**12. Carried his point**

*Defeated his adversaries in debate*

*စကားစစ်ထိုး အနိုင်ယူသည်။*

◆ By his skill in arguing he **carried his point.**

ကျွမ်းကျင်တဲ့ ချေပချက်တွေနဲ့ ပြိုင်ဘက်တွေကို သူ အနိုင်ယူလိုက်တာပါ။

**13. Carried off**

*Killed*

*သေဆုံးသည်။*

◆ Many persons were **carried off** by plague.
ပုလိပ်ရောဂါကြောင့် လူအများ သေဆုံးကုန်ကြသည်။

**14. Carried on**
*Managed*
*ဆက်လက်စီမံဆောင်ရွက်သည်။*

◆ His son **carried on** his business in his absence.
သူ မရှိသည့်အခါ သူ့သားက လုပ်ငန်းများကို ဆက်လက် စီမံ ဆောင်ရွက်သည်။

**15. Carry out**
*Execute*
*ပြီးစီးအောင် ဆောင်ရွက်သည်။*

◆ He agreed to **carry out** my order.
ခိုင်းတဲ့အတိုင်းလုပ်ပေးဖို့ သူက သဘောတူခဲ့ပါတယ်။

**16. Cast away**
*Wrecked*
*တိမ်းမှောက်သွားသည်။*

◆ The ship was **cast away** on the coast of Africa.
သင်္ဘောဟာ အာဖရိကမ်းခြေမှာ တိမ်းမှောက်သွားတာပါ။

**17. Cast dawn**
*Depressed*
*စိတ်ဓာတ်ကျဆင်းသည်။*

◆ He was much **cast down** by his loss.
သူဟာ ဆုံးရှုံးမှုတွေအတွက် များစွာ စိတ်ဓာတ်ကျဆင်းနေပါတယ်။

**18. Caught a Tartar**
*Found him more formidable than you expected.*
*ထင်တာထက် ပိုကြောက်စရာ ကောင်းသည်။*

◆ I am afraid you have **caught a Tartar** in him.
မင်း ထင်တာထက် သူဟာ ပိုကြောက်စရာကောင်းနေပြီလားလို့ ငါ စိုးရိမ်တယ်။

**19. Caught by surprise**
*Unexpectedly*
*အငိုက်မိသည်။*

◆ The enemies were caught by surprise.
ရန်သူတွေဟာ အငိုက်မိခံလိုက်ရတယ်။

**20. Changed colour**
*Turned pale*
*မျက်နှာပျက်သွားသည်။*

◆ He **changed** colour when I asked him about car accident.
မော်တော်ကားတိုက်မှုအကြောင်း မေးသည့်အခါ သူ မျက်နှာပျက်သွားသည်။

**21. Changed hand**
*Become someone else's property.*
*လက်ပြောင်းသွားပြီ။*

◆ The property belonged to me, but recently it **changed hand.**
အရင်က ဒီပစ္စည်းဟာ ငါ့ပစ္စည်းပါ။ မကြာမီကမှ လက်ပြောင်းသွားတာပါ။

**22. Chapter and verse**
*Full and precise reference to authority*
*ရှင်းလင်းပြတ်သား ပြည့်စုံစွာ*

◆ He claims that he has given **chapter and verse** for every statement made in his book.
ရှင်းလင်းပြတ်သားစွာ ပြည့်စုံစွာ ဖော်ပြရေးသားထားပြီးပြီဟု သူက ပြောသည်။

**23. Chicken-hearted**

*Frightful*

*အသည်းကြောင်သော၊ ကြောက်တတ်သော*

◆ He is hen-pecked because he is **chicken-hearted.**

သူဟာ မိန်းမကြောက်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ အသည်းကြောင်လို့။

**24. Coining money**

*Earning large sums easily*

*လွယ်လွယ်ကူကူ ငွေရှာရသည်။*

◆ Most of the people are now simply **coining money.**

အချို့လူများက လွယ်လွယ်ကူကူ ငွေအများကြီးရနေကြတယ်။

**25. Come about**

*Happen*

*ဖြစ်လာသည်။*

◆ How did these things **come about.**

ဒီဟာတွေ ဘယ်လိုလုပ်ဖြစ်လာတာလဲ။

**26. Come by**

*Get*

*ရရှိသည်။*

◆ How did you **come by** this purse.

ဒီပိုက်ဆံအိတ်ကို ဘယ်လိုလုပ်ရတာလဲ။

**27. Coming to the front**

*Attaining prominence*

*ရှေ့တန်းရောက် ထင်ရှားလာသည်။*

◆ He is **coming to the front** in public life.

ပြည်သူများကြားမှာ သူဟာ ရှေ့တန်းရောက်လာတယ်။

**28. Come to a head**

*Reached a crisis*

*အရေးကြီးကိစ္စ ဖြစ်လာသည်။*

- A dispute in Siberian colliery **come to a head** this week.

ဆိုက်ဘေးရီယန်းကျောက်မီးသွေးတွင်း ပဋိပက္ခသည် ယခုအပတ်၌ အရေးကြီးကိစ္စ ဖြစ်လာသည်။

**29. Come off**

*Take place*

*ကျင်းပသည်။*

- When does the convocation **come off.**

ဘွဲ့နှင်းသဘင် ဘယ်တော့ကျင်းပမှာလဲ။

**30. Come off second-best**

*Was defeated*

*ရှုံးနိမ့်သည်။*

- In the contest he **come off** second best.

ပြိုင်ပွဲမှာ သူရှုံးသွားတယ်။

**31. Come out**

*Transpired*

*ပေါ်ပေါက်လာသည်။*

- At last the truth has **come out.**

နောက်ဆုံးတော့ အမှန်တရား ပေါ်လာတာပါပဲ။

**32. Come round**

*Rocover*

*ပြန်ကောင်းလာ (နာလန်ထလာ) သည်။*

- I expect he will **come round** within a week.

တစ်ပတ်အတွင်း သူ နာလန်ထလာလိမ့်မည်လို့ မျှော်လင့်ပါတယ်။

**33. Come round**

*Agree*

*သဘောတူသည်။*

◆ I hope he will **come round** to our views.

ကျွန်တော်တို့ရဲ့ ယူဆချက်တွေကို သူ သဘောတူလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**34. Come to**

*Amount to*

*ပမာဏ*

◆ The taxes **come to** a large sum.

အခွန်ငွေပမာဏ အတော်များတာပဲ။

**35. Cried out against**

*Protested against*

*ဆန့်ကျင်သည်။*

◆ He **cried out against** such injustic.

ဒီလိုတရားမမျှတတဲ့အပေါ် သူက ဆန့်ကျင်ပါတယ်။

**36. Cried up**

*Extolled*

*ချီးမွမ်းထောမနာ ပြုသည်။*

◆ That young author is **cried up** by his friends.

ဒီစာရေးဆရာလေးကို သူ့မိတ်ဆွေတွေက ချီးမွမ်းထောမနာ ပြုကြတယ်။

**37. Cooking the accounts**

*Preparing false account*

*စာရင်းလိမ်သည်။*

◆ The company was charged with **cooking the accounts.**

ကုမ္ပဏီသည် စာရင်းလိမ်ပြသည်ဟု စွပ်စွဲခံရသည်။

**38. Cry down**

*Depreciate*

*ရှုတ်ချသည် (အလေးမထား)*

◆ Men of dissolute may **cry down** the religion.

အပျော်ကြူးနေသူတို့ဟာ ဘာသာရေးကို ဘယ်အလေးထားကြမှာလဲ။

**39. Currying favour**

*Using mean acts to ingratiate himself.*

*အထင်ကြီးအောင် လုပ်သည်။*

◆ He is **currying favour** with his wealthy neighbour.

သူသည် ချမ်းသာသော အိမ်နားနီးချင်း၏ အထင်ကြီးခံရအောင် လုပ်နေသည်။

**40. Cut a poor figure**

*Produced a poor impression*

*ပြရုပ် မကောင်းတာ ပေါ်လာသည်။*

◆ The witness **cut a poor figure** in his cross examination.

သက်သေကို ပြန်လှန် မေးခွန်းထုတ်လိုက်တော့ ပြရုပ်မကောင်းတာ ပေါ်လာရော။

**41. Cut down**

*Reduce*

*လျှော့ပေါ့သည်။*

◆ You must **cut down** your expenditure.

မင်းရဲ့အသုံးစရိတ်တွေကို လျှော့လိုက်ပါ။

**42. Cut him up**

*Afflicted him, Distressed him*

*ဒုက္ခရောက်စေသည်။*

◆ His wife's death cut him up terribly.

သူ့ဇနီး ကွယ်လွန်မှုက သူ့ကို တော်တော် စိတ်ဒုက္ခရောက်စေတယ်။

**43. Cut him off with a shilling**

*Disinherited him by bequeahing a trifling sum.*

*ငွေတစ်ကျပ်နှင့် အမွေဖြတ်သည်။*

◆ His father **cut him off with a shilling.**

သူ့အဖေက သူ့ကို ငွေတစ်ကျပ်နဲ့ အမွေဖြတ်လိုက်တယ်။

**44. Cut him short**

*Interupted him*

*ကြားဖြတ်ဟန့်တားသည်။*

◆ While he was speaking his father **cut him short.**

သူစကားပြောနေစဉ် သူ့ဖခင်က ကြားဖြတ်ဟန့်တားလိုက်သည်။

**45. Cut me dead**

*Deliberately insulted me*

*ကျကျနန စော်ကားသည်။*

◆ When he met me in the street, he **cut me dead.**

လမ်းပေါ်မှာတွေ့တုန်းက ကျွန်တော့်ကို သူ ကျကျနန စော်ကားလိုက်တာပါ။

**46. Cut off**

*Died*

*ကွယ်လွန်သည်၊ ပြီးပြတ်စေသည်။*

◆ He was **cut off** in the prime of life.

အရွယ်ကောင်းတုန်းမှာပဲ သူ ကွယ်လွန်သွားခဲ့တယ်။

**47. Cut out for**

*Special fitted to be*

*ပြင်ဆင်ဆုံးဖြတ်ထားသည်။*

◆ He is cut out for a sailor.

သင်္ဘောသားဖြစ်ဖို့ သူက ပြင်ဆင်ထားတာပါ။

**48. Cut out for**

*Fit for*

*ဖြစ်ဖို့ သင့်လျော်သည်။*

*cut out to be*

*can be*

*ဖြစ်နိုင်သည်။*

- I am not cut out for this kind of job.

ဒီအလုပ်မျိုး ငါနဲ့ မသင့်လျော်ပါဘူး။

- I am not cut out to be a doctor.

ငါတော့ ဆရာဝန်တစ်ယောက် ဖြစ်နိုင်လိမ့်မယ်လို့ မထင်ဘူး။

**49. Cut your own throat**

*Ruined yourself*

*ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးသည်။*

- If you marry that girl, you will cut your own throat.

မင်း ဒီမိန်းကလေးကို ယူရင် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးတာပဲ။ (ကိုယ့်သေတွင်း ကိုယ်တူးတာပဲ)

❑

## D

**1. Die in harness**

*Continue to the last in his business.*

*ဆုံးခန်းတိုင်အောင် လုပ်နိုင်သည်။*

◆ It was his constant prayer that he might **die in harness.**

လုပ်ငန်းကို ဆုံးခန်းတိုင်အောင် လုပ်နိုင်ပါစေလို့ သူဟာ အမြဲ ဆုတောင်းခဲ့တယ်။

**2. Die out**

*No longer practise*

*ပျောက်ကွယ်၊ ဆက်လက်မကျင့်*

◆ The good old custom of paying respects to the aged in Thadingyut you should not allowed to die out.

သီတင်းကျွတ်မှာ လူကြီးတွေကို ကန်တော့တဲ့ ရှေးဟောင်းဓလေ့ ကောင်းကို ပျောက်ကွယ်မသွားစေသင့်ပါ။

**3. Do away with**

*put away*

*စွန့်ပစ်သည်၊ စွန့်ပယ်သည်။*

◆ You must **do away with** all the rubbish.
အစုတ်အပြတ်အားလုံးကို စွန့်ပစ်လိုက်ပါ။

**4. Do away with**
*Get rid of*
*စွန့်လွှတ်သည်။*

◆ You must **do away with** the habit of over sleeping.
အအိပ်လွန်တဲ့ အကျင့်ကို မင်း စွန့်လွှတ်ရလိမ့်မယ်။

**5. Disposed of**
*Sell*
*ရောင်းချသည်။*

◆ He **disposed of** his car for K- 50000/-.
သူ ကားကို ငါးသောင်းနဲ့ ရောင်းလိုက်တယ်။

**6. Do not hang together**
*Are not consitent each other*
*မဆီလျော်၊ မကိုက်ညီ*

◆ These two statements **do not hang together.**
ဒီအဆိုနှစ်ခု တစ်ခုနှင့်တစ်ခု မဆီလျော်ဘူး။

**7. Done away with**
*Abolished*
*ဖျက်သိမ်းသည်။*

◆ That bad custom may be **done away with.**
အဲဒီမကောင်းတဲ့ အကျင့်ကို ဖျက်ပစ်လိုက်ပါ။

**8. Done for**
*Ruined*
*ပျက်စီးသည်။*

◆ I am **done for.**
ငါတော့ ပျက်စီးပြီ။ (ဘဝပျက်ပြီ)

**9. Done up**
*Fatigued exhausted*
*အားအင်ကုန်ခန်းသွားသည်။*

- Having walked twenty miles, he is quite **done up.**
မိုင် (၂၀) လျှောက်ပြီးတော့ သူ အားအင်ကုန်ခန်းသွားတယ်။

**10. Draw the line**
*Fix the limit*
*ဘောင်ခတ်သတ်မှတ်သည်။*

- We must **draw the line.** The cost of the new building should not exceed two lakhs.
အဆောက်အဦသစ်ကို နှစ်သိန်းထက် မပိုစေရလို့ ကျွန်တော်တို့ ဘောင်ခတ်သတ်မှတ်ထားရမယ်။

□

# E

**1. Eat humble pie**

*Apologise humbly*

*ကျိုးနွံစွာ ဝန်ချ တောင်းပန်သည်။*

◆ He has to **eat humble pie** because of his haughty manner to his superiors.

သူ၏အကြီးအကဲများအား မောက်မာစွာ ဆက်ဆံခဲ့မှုကြောင့် ကျိုးနွံစွာ ဝန်ချ တောင်းပန်ရတော့မည်။

**2. Every inch**

*Entirely, completely*

*လုံးဝကောန်*

◆ He is **every inch** gentleman.

သူက လူကြီးလူကောင်းတစ်ယောက် အမှန်ကောန်ပါပဲ။

**3. Ended in smoke**

*Come to nothing*

*ဘာမှ မဖြစ်လာပါ။ မီးခိုးလို ပျောက်ကွယ်သွားသည်။*

◆ All his schemes **ended in smoke.**

သူ့စီမံကိန်းအားလုံး မီးခိုးလို ပျောက်ကွယ်သွားပြီ။

**4. Eat your words**

*Retract your statement, withdraw*

*ပြောစကားများကို ပြန်လည်ရုပ်သိမ်းသည်။*

- You will have to **eat your words**, if you say carelessly.

  မင်း မဆင်မခြင်စကားပြောရင်တော့ ပြောပြီးစကားတွေ ပြန်လည်ရုပ်သိမ်းရလိမ့်မယ်။

❐

**F**

**1. Far and away**

*Very much*

သာလွန်ကောင်းမွန်သူ

◆ He is **far and away** the better of the two players.

ကစားသမားနှစ်ယောက်မှာ သူက မယှဉ်နိုင်သော သာလွန်သူပါပဲ။

**2. Fallen flat**

*Met with a cold reception*

အေးစက်စက် ကြိုဆိုသည်။

◆ The new play was **fallen flat.**

ပြဇာတ်အသစ်ကို သိပ် မကြိုက်ပါ။

**3. Falling foul of**

*Quarrelling with*

ရန်ဖြစ်သည်။

◆ He is **falling foul of** everybody.

သူက လူတိုင်းနှင့် ရန်ဖြစ်တယ်။

**4. Fall in love with**

*Begin to love someone*

တစ်စုံတစ်ယောက်ကို ချစ်ခဲ့တယ်။

*Begin to like something*
*တစ်စုံတစ်ခုကို ကြိုက်နှစ်သက်သည်။*

◆ He **fell in love** with Aye Aye.
သူ အေးအေး ကို ကြိုက်နေတယ်။

◆ He **fell in love** with new house.
သူအိမ်အသစ်ကို သဘောကျနေတယ်။

**5. Falls in with**
*Happen to meet*
*တွေ့ကြုံရသည်။*

◆ This topic **falls in with** the popular demand.
ဒီအကြောင်းအရာက ထင်ရှားတဲ့ တောင်းဆိုမှုများနှင့် ကြုံရတယ်။ (လူကြိုက်များတယ်)

**6. Fallen off**
*Deteriorated*
*ကျဆင်းသည်။*

◆ The standard of efficiency in public service has **fallen off.**
ဝန်ထမ်းတွေရဲ့ လုပ်ရည်ကိုင်ရည် ကျဆင်းလာပြီ။

**7. Fallen out**
*Quarrelled*
ရန်ဖြစ်

◆ The two brothers have **fallen out.**
ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်နေကြတယ်။

**8. Falling short of my expectation**
*Has dissppointed me*
*စိတ်ပျက်စေသည်၊ မျှော်လင့်သလောက် ဖြစ်မလာ*

◆ This year the mango-crop has **fallen short of my expectation.**
ဒီနှစ် သရက်သီးထွက်နှုန်းကို ကျွန်တော်စိတ်ပျက်မိတယ်။

**9. Feathering his own net**

*Making money unfairly*

*မတရားသောနည်းဖြင့် ငွေရယူသည်။*

◆ One of the Board of trustee of Pagoda is suspected of **feathering his own nest.**

ဘုရားလူကြီးတစ်ဦးဟာ ငွေတွေကို မတရားယူနေတယ်လို့ သံသယရှိနေတယ်။

**10. Fallen through**

*Failed*

*ရှုံးနိမ့်*

◆ The plan has **fallen through** for want of support.

စီမံကိန်းက ထောက်ခံမှု မရလို့ ရှုံးနိမ့်သွားတယ်။

**11. Fell back**

*Retreated, Yielded*

*နောက်ဆုတ် အရှုံးပေးသည်။*

◆ At last the rioters **fell back.**

နောက်ဆုံး၌ အကြမ်းဖက်သူများ နောက်ဆုတ် အရှုံးပေးလိုက်ကြတယ်။

**12. Fell flat**

*Caused no interest, produce no effect*

*စိတ်မဝင်စား၊ အကျိုးသက်ရောက်မှုမရှိ*

◆ His speech on Trade reform **fell flat.**

ကုန်သွယ်ရေး ပြုပြင်မှုနှင့် ပတ်သက်သည့် သူ့မိန့်ခွန်းကို ဘယ်သူမှ စိတ်မဝင်စားပါ။

**13. Fell flat**

*Caused no amusement*

*မထိရောက်*

◆ The Joke **fell flat.**

ဒီဟာကို ဘယ်သူမှ မလှုပ်ကြပါ။

**14. Fell in with**

*Met accidently*

*အမှတ်မထင် တွေ့သည်။*

◆ I **fell in with** on old friend at the tea shop.

လက်ဖက်ရည်ဆိုင်တွင် မိတ်ဆွေကောင်းတစ်ဦးနှင့် အမှတ်မထင် တွေ့ခဲ့ရသည်။

**15. Fell off**

*Disminished*

*လျော့နည်းသည်။*

◆ The attendance **fell of** in the second school-term.

ဒုတိယနှစ်ဝက်မှာ ကျောင်းခေါ်ချိန် နည်းသွားတယ်။

**16. Fights shy of**

*Tried to avoid*

*ရှောင်လွှဲဖို့ ကြိုးစားသည်။*

◆ She **fought shy of** parties and functions.

သူမက ပါတီပွဲ၊ ဧည့်ခံပွဲတွေကို ရှောင်လွှဲဖို့ ကြိုးစားတယ်။

**17. For good**

*Permanently*

*အစဉ်၊ အပြီးအပိုင်*

◆ He is leaving Myanmar **for good.**

သူသည် မြန်မာနိုင်ငံက အပြီးအပိုင် ထွက်သွားပြီ။

**18. Foot the bill**

*Pay for it*

*ကုန်ကျစရိတ် ပေးချေသည်။*

◆ He asked me to dinner, but I had to **foot the bill.**

သူက ညစာစားပွဲကို ဖိတ်တယ်။ ဒါပေမဲ့ ကုန်ကျစရိတ်ကိုတော့ ကျွန်တော်က ရှင်းရတယ်။

**19. Flesh and blood**

*Human nature*

လူ့သဘာဝအလျောက်

◆ This is more than **flesh and blood** can endure.

လူ့သဘာဝအလျောက် ခံနိုင်ရည်ရှိမှုထက် ပိုမိုနေသည်။

**20. From hand to mouth**

*Without any provision for the future*

လက်လုပ်လက်စား

◆ He lives from hand to mouth.

သူက တစ်နေ့လုပ်မှ တစ်နေ့စားရသူပါ။

□

## G

**1. Gained on**

*Won the favour*

မျက်နှာသာရ

◆ My good behaviour so for **gained on** my superiors.

ကျွန်ုပ်၏ကောင်းသော အမူအကျင့်ကြောင့် အကြီးအကဲများ၏ မျက်နှာသာပေးမှုရသည်။

**2. Gall and wormwood**

*Hateful*

မုန်းတီးသည်။

◆ The Drug Act is **gall and wormwood** to drug dealers.

မူးယစ်ဆေးဝါးဥပဒေသည် အရက်ရောင်းသူများအဖို့ မုန်းတီးစရာဖြစ်သည်။

**3. Gaining ground**

*Becoming more general*

ပိုမို ကျယ်ပြန့်လာသည်။

◆ The belief in efficacy of vaccination in **gaining ground.**

ကျောက်ဆေးထိုးခြင်း၏ အကျိုးသက်ရောက်မှုအပေါ် ယုံကြည်မှုကျယ်ပြန့်လာသည်။

**4. Gave off**

*Emitted, sent out heat, light etc*

*ထုတ်လွှတ်သည်။*

◆ The fire **gave off** a dense smoke.

မီးက မီးခိုးလုံးကြီးတွေ ထုတ်လွှတ်တယ်။

**5. Gave out**

*were exhausted*

*ခြေကုန်လက်ပန်းကျသည်။*

◆ The horses **gave out** at the next milestone.

မြင်းများသည် နောက်မိုင်တိုင်အရောက်တွင် ခြေကုန်လက်ပန်း ကျကုန်သည်။

**6. Gave way**

*Broke, Snapped*

*ဖြတ်တောက် ပွန်းပဲ့သည်။*

◆ The rope **gave way** while the workmen were hauling up the iron pillar.

အလုပ်သမားတွေက သံတိုင်ကြီးကို ဆွဲတင်လိုက်တော့ ကြိုးပြတ်သွားတယ်။

**7. Gave way**

*Yield*

*အလျှော့ပေးသည်။*

◆ He was obstinate to obey at first, but at last he **gave way.**

ပထမတော့ သူက နားမထောင်ဘဲ ခေါင်းမာနေတယ်။ ဒါပေမဲ့ နောက်ဆုံး လက်လျှော့လိုက်တယ်။

**8. Gave away**

*Distributed, Presented*

*ချီးမြှင့်ပေးဝေသည်။*

- The Chairman **gave away** the prizes.

ဥက္ကဋ္ဌကြီးက ဆုတွေ ချီးမြှင့်တယ်။

**9. Gave him the cold shoulder**

*Treated him in a cold manner*

*အေးစက်စက် ဆက်ဆံသည်။*

- Even his father **gave him the cold shoulder.**

သူ့ဖခင်ကတောင်မှ သူ့ကို အေးတိအေးစက် ဆက်ဆံသည်။

**10. Get at**

*Attack*

*တိုက်ခိုက်သည်။*

- The dog tried to **get at** me.

ခွေးက ကျွန်တော့်ကို ကိုက်ဖို့ ကြိုးစားတယ်။

**11. Get away**

*Escaped*

*လွတ်မြောက်ထွက်ပြေးသည်။*

- One of the prisoners **got away**.

အကျဉ်းသားတစ်ယောက် လွတ်မြောက်သွားတယ်။

- I wish to **get away** from the noise and bustle of the city.

မြို့တော်ရဲ့ ဆူညံသံတွေနဲ့ ဝေးတဲ့နေရာကို ငါ ထွက်သွားချင်တယ်။

**12. Get off**

*Escaped*

*လွတ်မြောက်သည်။*

- He escaped that he would **get off** with a fine.

သူက ဒဏ်ငွေလောက်လေးနဲ့ လွတ်မယ်လို့ မျှော်လင့်သည်။

**13. Get on with**

*Agree, live friendly with*

*ရင်းနှီးစွာ ဆက်ဆံသည်။*

◆ It is hard to **get on with** a suspicious man.
မယုံကြည်ရသော လူတစ်ယောက်နှင့် ရင်းနှီးစွာ ဆက်ဆံရန် ခဲယဉ်းသည်။

**14. Get out**
*Remove*
*ဖယ်ရှားသည်။*

◆ I can't **get out** this stain.
ဒီ အစွန်းအထင်းကို ကျွန်တော် မဖယ်ရှားနိုင်၊ မဖျက်နိုင်ပါ။

**15. Get out of**
*Escape from*
*လက်မှ လွတ်မြောက်သည်။*

◆ You were lucky to **get out of** his clutches.
သူရဲ့ ချုပ်ကိုင်မှုလက်က လွတ်သွားတာ မင်း ကံကောင်းတာပဲ။

**16. Get rid of**
*Abolish; clearaway; shake off*
*စွန့်ဖယ်*

◆ I have found a plan to **get rid of** him.
သူ့ကို စွန့်ဖယ်ဖို့ အကြံရပြီ။

**17. Get the better of**
*Gain an adventage over*
*အခွင့်ကောင်းယူ အမြတ်ထုတ်သည်။*

◆ Be careful in dealing with him because he will try to **get the better of** you.
သူ့ကို သတိထားပေါင်းပါ။ မင်းအပေါ် အမြတ်ထုတ်ဖို့ ကြိုးစားလိမ့်မယ်။

**18. Give birth**
*Bear a child*
*မွေးဖွားသည်။*

◆ She is going to **give birth** to a child.
သူမ ကလေး မွေးဖွားတော့မယ်။

**19. Give ear to**
*Listen to*
*နားထောင်သည်။*
◆ **Give ear to** me.
ငါပြောတာ နားထောင်ပါ။

**20. Give in**
*Submit, Yield*
*လက်လွှတ်အရှုံးပေး*
◆ The strikers are not likely to **give in.**
သပိတ်မှောက်သူများမှာ သပိတ်လှန်မည့်ပုံ မပေါ်ပါ။

**21. Given forth**
*Published*
*ထုတ်ပြန်ကြေညာသည်။*
◆ It was **given forth** that the president was dead.
သမ္မတ သေပြီ ဟု ထုတ်ပြန်ကြေညာသည်။

**22. Given out**
*Published, Proclaimed*
*ကြေညာသည်။*
◆ It was **given out** that he was a Bankrupt.
သူ ဒေဝါလီခံရကြောင်း ကြော်ငြာလိုက်သည်။

**23. Give over**
*Abandon*
*စွန့်လွှတ်သည်။*
◆ **Give over** this foolish attempt.
မိုက်မဲသော ကြိုးစားမှုများကို စွန့်လွှတ်ပါ။

**24. Give up**

*Surrendered*

*အရှုံးပေး၊ လက်မြှောက်အညံ့ခံသည်။*

◆ The murderer has **given** himself **up** to the police.

လူသတ်သမားက သူ့ကိုယ်သူ ပုလိပ်လက်အပ်သည်။(အဖမ်းခံသည်)

◆ The doctors have **given** him **up**.

ဆရာဝန်များက သူ့ကို လက်မြှောက်လိုက်ပြီ။

**25. Giving a false colouring to**

*Misrepresenting*

*မှားယွင်းစွာ ဖော်ပြသည်။*

◆ The editor of the paper is accused of **giving a false colour to.**

သတင်းစာအယ်ဒီတာက မှားယွင်းစွာ သတင်းဖော်ပြသည်ဟု စွပ်စွဲထားသည်။

**26. Go by**

*Judge from*

*အကဲဖြတ်သည်။*

◆ You cannot always **go by** appearance.

အမြဲတမ်း ပုံပန်းသဏ္ဍာန်ကြည့်ပြီး အကဲဖြတ်၍မရ။

**27. Go by**

*To be guided by*

*လိုက်နာဆောင်ရွက်သူ*

◆ It is a good rule to **go by.**

လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းကောင်းတစ်ခုပါပဲ။

**28. Go down**

*Believed*

*ယုံကြည်သည်။*

◆ That story won't go down.
အဲဒီပုံပြင်ကို မယုံကြည်ဘူး။

**29. Go into**

*Examine, investigate*

*စုံစမ်းစစ်ဆေးသည်။*

◆ I promised to **go into** the matter.
ဒီကိစ္စကို စုံစမ်းစစ်ဆေးဖို့ ကျွန်တော် ကတိပေးပြီးပြီ။

**30. Go back on**

*Fail to keep*

*ကတိမတည်*

◆ They **go back on** (they failed to keep their words).
သူတို့ ကတိမတည်ပါ။

**31. Go upon**

*Any foundation for your statement*

*အခြေခံရန်*

◆ Have you anything to **go upon**?
ခိုင်လုံသော အချက်အလက် ရှိပြီလား။

**32. Goes to his heart**

*Touches him deeply*

*အထူးထိခိုက်သည်။*

◆ The death of his wife **goes to his heart.**
သူ့ဇနီးသေဆုံးမှုသည် သူ့အား ထိခိုက်စေသည်။

**33. Go through**

*Examine*

*စစ်ဆေးသည်။*

◆ You must first **go through** the accounts.
ငွေစာရင်းကို မင်း အရင်စစ်ရမယ်။

**34. Got away**

*Escaped*

*လွတ်မြောက်ထွက်ပြေးသည်။*

◆ The thief **got away** with my cash-box.

သူခိုးသည် ကျွန်တော့်ပိုက်ဆံဘူးနှင့်အတူ လွတ်မြောက်ထွက်ပြေး သည်။

**35. Got off easy**

*Got a light sentence*

*လျှော့ပေါ့ပြစ်ဒဏ်ပဲ ရတယ်။*

◆ He was found guilty, but he **got off easy**.

သူ့မှာ အပြစ်ရှိကြောင်း ထင်ရှားတယ်။ ဒါပေမဲ့ ပြစ်ဒဏ် ပေါ့ပေါ့ပဲ ပေးခဲ့ရတာပါ။

**36. Giving himself airs**

*Behaving arrogantly (hautily)*

*မောက်မာသည်၊ မာနရောက်သည်။*

◆ Recently he has been **giving himself airs**.

မကြာမီကမှ သူ မောက်မာလာတာပါ။

**37. Got the better of him**

*Overcame him*

*အောင်နိုင်သည်။*

◆ Ultimately I **got the better of him**.

နောက်ဆုံးတော့ သူ့ကို ကျွန်တော် အောင်နိုင်ခဲ့တယ်။

**38. Gone with the wind**

*ရေစုန်မျော*

◆ My hopes are all **gone with the wind**.

ငါ့မျှော်လင့်ချက်တွေအားလုံး ရေစုန်မျောသွားပြီ။

**39. Good hand**

*Skillful*

*ကျွမ်းကျင်*

◆ She is a **good hand** at entertaining guest.

သူမသည် ဧည့်ခံရာ၌ ကျွမ်းကျင်သည်။

**40. Gone through**

*Suffered*

*ဒုက္ခခံရသည်။*

◆ The poor woman has **gone through** much.

ဆင်းရဲသူမကြီးက အတော် ဒုက္ခခံလိုက်ရတယ်။

**41. Got the fire under**

*Under control*

*နိုင်နင်းသည်၊ ငြိမ်းသတ်သည်။*

◆ They soon **got the fire under** by pouring water over it.

ရေလောင်းပေးခြင်းဖြင့် မီးကို မကြာမြင့်မီ သူတို့ ငြိမ်းသတ်နိုင်ခဲ့ကြသည်။

**42. Got through**

*Passed*

*အောင်မြင်သည်။*

◆ He has **got through** his examination.

သူ စာမေးပွဲ အောင်သွားသည်။

**43. Greek to me**

*Something which I do not understand*

*စိမ်းနေသည်၊ နားမလည်ပါ။*

◆ It is all **Greek to me.**

ဒါတွေအားလုံး ငါ့အဖို့ စိမ်းနေတယ်။

**44. Growing upon**

*Having stronger and stronger hold over*

*ဖိစီးနှိပ်စက်သည်။*

- The habit ot gambling in **growing upon** him.

  လောင်းကစားသည် သူ့အား တဖြည်းဖြည်း ဖိစီးနှိပ်စက်လာသည်။

**45. Go under**

*Subduced, Conquer, Subjugate,*

*နှိပ်ကွပ် နှိမ်နင်းသည်။*

- The revolt of the minority tribe has been **got under.**

  လူမျိုးစုဝင်များ ပုန်ကန်ခြင်းကို နှိပ်ကွပ်နှိမ်နင်းပြီး ဖြစ်သည်။

❐

## H

**1. Had a hand**

*Was concerned in*

*ပါဝင်ပတ်သက်သည်။*

◆ It is suspected that he **had a hand** in the robbery.

ဓားပြမှုမှာ သူ ပါဝင်ပတ်သက်နေတယ်လို့ သံသယဖြစ်နေတယ်။

◆ It is generally believed that he had a hand in the plot.

ဒီအကြံအစည်မှာ သူ ပါဝင်ပတ်သက်နေတယ်လို့ ယုံကြည်ကြတယ်။

**2. Had the whip-hand of**

*Was in a position to control*

*ကောင်းကောင်းထိန်းထားနိုင်သည်။*

◆ The policeman **had the whip-hand** of the thief.

ရဲသည် သူခိုးအား ကောင်းကောင်းထိန်းထားနိုင်သည်။

**3. Has two strings to his bow**

*Has two sources of income to rely upon*

*ဝင်ငွေနှစ်ခု ရှိတယ်။*

◆ He **has two strings to his bow.**

သူ့မှာ ဝင်ငွေနှစ်ခု ရှိတယ်။

**4. Has finger in the pie**

*Has somethings to do with the affair, is mixed up with the affair*

*ပါဝင်ပတ်သက်သည်။*

◆ It is said that he **has finger in the pie.**

ဒီကိစ္စထဲမှာ သူပါဝင်နေတယ်လို့ ပြောကြတယ်။

**5. Has stood me in good stead**

*Proved useful to me*

*အထူးအသုံးဝင်သည်။*

◆ This suit-case **has stood me in good stead** in my travels.

ဒီခရီးဆောင်အိတ်က ကျွန်တော့်ခရီးအတွက် အထူး အသုံးတည့်ပါတယ်။

**6. Has too many irons in the fire**

*Engaged in too many enterprises at the sometime*

*တစ်ပြိုင်နက်တည်း လုပ်ငန်းပေါင်းစုံ လုပ်သည်။*

◆ He **has too many irons in the fire.**

သူဟာ လုပ်ငန်းပေါင်းစုံကို တစ်ပြိုင်နက်တည်း လုပ်နေတာပါ။

**7. Held out**

*Offered resistance*

*ခုခံသည်။*

◆ The rebels **held out** for about a month.

သူပုန်တွေဟာ တစ်လလောက် ခုခံနေတယ်။

**8. Held up**

*Stopped or kept*

*ဖမ်းဆီးထိန်းသိမ်း*

◆ They were **held up** and robbed by the bandits.
လူဆိုးများက သူတို့ကို ဖမ်းဆီးပြီး ဓားပြတိုက်လုယူသွားတယ်။

**9. Held over**

*Deferred, Postpone*

*ရွှေ့ဆိုင်းသည်။*

◆ The subject is held over till the next meeting.
ဒီကိစ္စကို နောက်အစည်းအဝေးသို့ ရွှေ့ဆိုင်းလိုက်သည်။

**10. Head and shoulders**

*Very much*

*အများကြီးသာလွန်သည်။*

◆ As a diplomat he was **head and shoulders** above his contemporaries.
သံတမန်တစ်ဦးအနေနဲ့ သူဟာ သူ့ရဲ့တန်းတူပုဂ္ဂိုလ်တွေထက် အများကြီး သာနေပါတယ်။

**11. Hanges in the balance**

*Is undecided*

*မရေရာပါ*

◆ The fate of the accused **hangs in the balance.**
စွပ်စွဲခံရသူရဲ့ ကံကြမ္မာက မရေရာသေးပါ။

**12. Heap cools of fine upon his head**

*Return good for evil, and make him ashamed of his enmity.*

*မကောင်းမှုများကို ကောင်းမှုဖြင့် တန်ပြန်သည်။*

◆ By filling your emeny wishes, **heap cools of fine upon his head**, so that the lord shall reward you.

သင့်ရန်သူ၏ လိုအင်ဆန္ဒများကို ဖြည့်စွက်ပေးသည့် ကောင်းမှု ဖြင့် တန်ပြန်ပါ။ ထို့အတွက် ဘုရားသခင်က သင့်အား ချီးမြှင့်ပါလိမ့်မည်။

**13. He has an eye to the main chance**

*He regards his own interest*

*သူ့ကိုယ်ကျိုးပဲ ကြည့်တတ်သူ*

◆ In everything that he does **he has an eye to the main chance.**

ဘာပဲလုပ်လုပ် သူ့ကိုယ်ကျိုးပဲ ကြည့်တတ်တယ်။

**14. Hit upon**

*Found*

*တွေ့ရှိသည်။*

◆ I have **hit upon** a good plan to get rid of him.

သူ့ကို စွန့်လွှတ်ဖို့ ငါ အကြံကောင်းတစ်ခုရပြီ။

**15. Hang back**

*Hesitate*

*နှောင့်နှေးတုံ့ဆိုင်းသည်။*

◆ When there is a call for national service, we should not **hang back.**

အမျိုးသားရေးတာဝန်အတွက် ဆင့်ခေါ်လျှင် ကျွန်ုပ်တို့ တုံ့ဆိုင်းနေမည်မဟုတ်ပါ။

**16. Hanging about**

*Loitering about*

*တရစ်ဝဲဝဲ*

◆ About an hour ago I saw a man **hanging about** our house.

နောက်တစ်နာရီလောက်က တို့အိမ်နားမှာ လူတစ်ယောက် တရစ်ဝဲဝဲ လုပ်နေတယ်။

**17. Hang together**

*Support each other*

*စုပေါင်းလက်တွဲလုပ်ဆောင်၊ အချင်းချင်း လက်တွဲကူညီသည်။*

◆ If we all **hang together**, we can succeed in our plan.

ကျွန်တော်တို့အားလုံး လက်တွဲလုပ်ဆောင်မယ်ဆိုရင် စီမံကိန်း အောင်မြင်နိုင်တယ်။

**18. Hard of hearing**

*Somewhat deaf*

*အတန်ငယ် နားထိုင်းသည်။*

◆ The old man in **hard of hearing.**

ဒီလူကြီးက အတန်ငယ် နားထိုင်းနေတယ်။

**19. Harp on the same string**

*Dwell tediously on the same subject*

*ထပ်တလဲလဲ လုပ်သည်။*

◆ I am tired of hearing him **on the same string.**

သူရဲ့ တစ်ခါလာလည်း မဲပြာပုဆိုးလုပ်ရပ်ကို ကျွန်ုပ် ငြီးငွေ့နေပြီ။

**20. Hear me out**

*Hear me to the end*

*ဆုံးအောင် နားထောင်ပါ။*

◆ Please **hear me out.**

ငါ့စကား ဆုံးအောင် နားထောင်ပါ။

**21. Hen-pecked**

*Under the wife's control*

*မိန်းမကြောက်တတ်သည်။*

◆ He is a **hen-pecked.**

သူက မိန်းမကြောက်တတ်သူပဲ။

**22. His blood is up**

*He is excited*

*စိတ်လှုပ်ရှားသည်။*

- He is a formidable person to deal with when **his blood is up.**

သူက စိတ်လှုပ်ရှားတဲ့အခါ အတော်ဆက်ဆံရခက်ခဲတဲ့လူပဲ။

**23. His blood ran cold**

*He was horrified*

*တုန်လှုပ်ချောက်ချားသွားသည်။*

- **His blood ran cold** when he heard that his friend was murdered.

သူ့မိတ်ဆွေ အသတ်ခံရကြောင်း ကြားရတဲ့အခါ အထူးတုန်လှုပ်ချောက်ချားသွားတယ်။

**24. Hit the nail on the head**

*Said or done exactly the right thing*

*အံဝင်ခွင်ကျပဲ၊ ကွက်တိပါပဲ။*

- You have **hit the nail on the head.**

သင်လုပ်ခဲ့တာ ကွက်တိပါပဲ။

**25. Holds good**

*Remains binding, Is valid*

*တည်မြဲသည်။*

- The offer **holds good** for two days.

ကမ်းလှမ်းချက်က နောင်နှစ်ရက်အထိ တည်မြဲနေတယ်။

**26. Holds out**

*Gives*

*ပေးသည်။*

- He **holds out** no promise of future prospects.

သူက ရှေ့အလားအလာအတွက် ဘာ ကတိမှ မပေးဘူး။

**27. Hold water**

*Stand security*

*ခိုင်လုံသည်။*

◆ That argument will not **hold water.**

အဲဒီချေပချက်က မခိုင်လုံပါ။

**28. Hoping against hope**

*Hoping even when the case seems hopeless*

*မျှော်လင့်ချက်မရှိတာကိုပဲ မျှော်တုန်းပဲ။*

◆ Poor fellow! he is **hoping against hope.**

သနားစရာကောင်းတဲ့ကောင်ပဲ၊ မျှော်လင့်စရာမရှိတော့တာကို မျှော်လင့်နေတုန်းပဲ။

**29. Hung fire**

*Were reluctant; hesitated*

*တွန့်ဆုတ်သည်၊ စိတ်မပါကြ*

◆ I wished to take drastic action, but they **hung fire.**

ကျွန်တော်ကတော့ ပြင်းပြင်းထန်ထန် အရေးယူချင်တယ်။ ဒါပေမဲ့ သူတို့က တွန့်ဆုတ်နေတယ်။

**30. Hung on his lips**

*Listened eagerly to his word*

*အထူး အာရုံစိုက်နားထောင်သည်။*

◆ While he spoke, the audience **hung on his lips.**

သူစကားပြောတာကို ပရိသတ်က အထူး အာရုံစိုက်နားထောင်သည်။

□

# I

**1. In bad odour**

*out of favour, in bad repute*

*မပြေမလည် ဖြစ်သည်။*

◆ He is **in bad odour** with his neighbours.

သူ့အိမ်နီးချင်းတွေနဲ့ သူက မပြေမလည် ဖြစ်နေတယ်။

**2. In a state of nature**

*Naked*

*သဘာဝအတိုင်း (မိမွေးတိုင်း၊ ဖမွေးတိုင်း)*

◆ The murdered man was found **in a state of nature.**

အသတ်ခံရသူကို မိမွေးတိုင်း ဖမွေးတိုင်း (အဝတ်မဲ့) တွေ့ရတယ်။

**3. In black and white**

*In writing*

*စာနဲ့ပေနဲ့ ရေးသားသည်။*

◆ Let us have your terms **in black and white.**

မင်းရဲ့ သတ်မှတ်ချက်တွေကို စာနဲ့ပေနဲ့ လုပ်ထားရအောင်။

**4. In cold blood**

*Not in the heat of passion or excitement*

*သွေးအေးအေးဖြင့် (စိတ်လှုပ်ရှားမှုမရှိဘဲ)*

◆ He was murdered **in cold blood.**

သူဟာ သွေးအေးအေးနဲ့ အသတ်ခံခဲ့ရတာပါ။

**5. In full swing**

*Very active*

*အလွန်သွက်လက်သည်။*

◆ The election campaign is just now **in full swing.**

ရွေးကောက်ပွဲက အခုလောလောဆယ် အသွက်လက်ဆုံးကာလ ဖြစ်နေပြီ။

**6. In character**

*In keeping*

*လိုက်ဖက်ညီညွတ်သည်။*

◆ The screen is **in character** with the rest of the furniture.

လိုက်ကာ က ကျန်တဲ့ပရိဘောဂတွေနဲ့ လိုက်ဖက်တယ်။

**7. In hand**

*Under control*

*ထိန်းထားနိုင်သည်။*

◆ The situation is now well **in hand.**

အခြေအနေကို ယခု ကောင်းကောင်းထိန်းထားနိုင်ပါပြီ။

**8. In hand**

*Under discussion or consideration*

*လက်ရှိကိစ္စ၊ ပြောဆိုတဲ့ကိစ္စ*

◆ What you say is not constant with the subject **in hand.**

မင်းပြောတာက လက်ရှိ ဆွေးနွေးနေတဲ့ကိစ္စနဲ့ ဘာမှ အကျုံးမဝင်ဘူး။

**9. In good part**

*Without offence*

◆ He took my advice **in good part.**
ကျွန်ုပ်၏အကြံကို ကျေကျေနပ်နပ် လက်ခံသည်။

**10. In high spirit**
*Cheerful, joyful*
*ပျော်ရွှင်သည်။*
◆ Today he is **in high spirit.**
ဒီနေ့ သူ သိပ်ပျော်နေတယ်။

**11. In his bad books**
*Out of favour with him*
*ငြိုငြင်သည်၊ မျက်နှာသာမရ*
◆ I am afraid I am **in his bad books.**
သူ ငြိုငြင်မှာကို စိုးရိမ်မိတယ်။

**12. In kind**
*In the same way*
*ထိုနည်းတူ၊ ထပ်တူ*
◆ I repaid his insolence **in kind.**
သူရဲ့ ရန်လိုမှုကို ရန်လိုမှုနဲ့ပဲ တုံ့ပြန်လိုက်တယ်။

**13. In the bud**
*Before maturity*
*မရင့်ကျက်မီ၊ အကင်းဘဝတွင်*
◆ I nipped his scheme **in the bud.**
သူ့စီမံကိန်းကို အကင်း ဘဝထဲက (စစချင်းကတည်းက) ကျွန်ုပ် ဖျက်ပစ်လိုက်ပြီ။

**14. In the good books of**
*In favour with*
*မျက်နှာသာပေးသည်။*
◆ He is not **in the good book of** this superior.
သူဟာ သူ့အထက်လူကြီးတွေရဲ့ မျက်နှာသာပေးခြင်းကို မခံရှာရဘူး။

**15. In the dark**

*In ignorance*

*အသိမပေး*

◆ For a long time he kept his father **in the dark** about true state of affairs.

သူဟာ အဖြစ်မှန်ကို သူ့အဖေကို အတော်ကြာကြာ အသိမပေးခဲ့ဘူး။

**16. In the long run**

*Eventually*

*နောက်ဆုံးမှာ*

◆ Steady work is sure to be rewarded **in the long run.**

မှန်မှန်အလုပ်လုပ်ခြင်းသည် နောက်ဆုံးမှာ ဆုချီးမြှင့်ခံရမှာ သေချာပါတယ်။

**17. In the nick of time**

*Just the right moment*

*အချိန်အခါမီ*

◆ The police came to the scene **in the nick of time.**

ရဲက အခင်းဖြစ်နေရာကို အချိန်မီ အခါမီ ရောက်လာတာပါပဲ။

**18. Into hot water**

*into trouble*

*ဒုက္ခတွေ့သည်။*

◆ He has got **into hot water.**

သူ ဒုက္ခရောက်နေတယ်။

**19. In the running**

*Good prospect in the competition*

*ပြိုင်ပွဲတွင် အလားအလာကောင်း*

◆ I am told he is **in the running.**

သူရှေ့တန်းက ပြေးနေတယ်လို့ (အလားအလာရှိ)တယ်လို့ ပြောခဲ့တယ်။

**20. In the teeth of**

*In defiance or regardless of*

*ဂရုမစိုက်ဘဲ*

- He carried out his project **in the teeth of** opposition from his community.

  သူဟာ အဖွဲ့အစည်းရဲ့ ဆန့်ကျင်မှုတွေကို ဂရုမစိုက်ဘဲ သူ့စီမံကိန်းကို ဆက်လက်ဆောင်ရွက်တယ်။

**21. If the worst comes to the worst**

*If things are as bad as they can possibily be*

*အဆိုးဆုံးအဆင့်သို့ရောက်သည်။*

- **If the worst comes to the worst,** I will bag borrow or steal.

  အဆိုးဆုံးအဆင့်ရောက်လာရင်တော့ ငါ့အနေနဲ့ တောင်းမယ်၊ ချေးမယ်၊ ဒါမှမဟုတ် ခိုးရမှာပဲ။

□

## K

**1. Keeps a good table**

*Porvides luxurious food*

*Entertaining guests semptuously*

*စားပွဲသောက်ပွဲ ကောင်းကောင်းလုပ်သည်။*

◆ I know my friend **keeps a good table.**

ငါ့မိတ်ဆွေကတော့ စားပွဲသောက်ပွဲ ကောင်းကောင်း လုပ်ပေးမယ်ဆိုတာ ငါသိတယ်။

**2. Keep an eye on**

*Watch, look after*

*စောင့်ရှောက်သည်။*

◆ Just **keep an eye on** my car for a minute, please.

ကျေးဇူးပြုပြီး ငါ့ကားကို ခဏကြည့်ထားပေးပါ။

**3. Keep up**

*Maintain*

*ဆက်လက်ထိန်းသိမ်းသည်။*

◆ He is trying his best to **keep up** the reputation of his family.

သူ့မိသားစုရဲ့ ဂုဏ်သတင်းကျော်စောမှုကို ဆက်ထိန်းထားဖို့ သူအကောင်းဆုံး ကြိုးစားနေတယ်။

**4. Keeps in touch with**

*Has intimate knowledge of*

*ကောင်းကောင်းသိရှိသည်။*

◆ He **keeps in touch with** the latest development in computer.

ကွန်ပျူတာသိပ္ပံပညာနှင့် ပတ်သက်လို့ နောက်ဆုံး တိုးတက်မှုများကို သူ ကောင်းကောင်းသိပါတယ်။

**5. Keep off**

*Resist, evade*

*ခုခံရှောင်လွှဲသည်။*

◆ Myanmar people can **keep off** obstacles.

မြန်မာများသည် မည်သည့်အခက်အခဲကိုမဆို ခုခံရှောင်လွှဲနိုင်သည်။

**6. Keeps up**

*Maintain*

*ထိန်းထားသည်။*

◆ The rubber syndicate **keeps up** the price.

ကြက်ပေါင်စေး ရောင်းဝယ်ရေးအဖွဲ့ကြီးက ဈေးနှုန်းကို ထိန်းထားတယ်။

**7. Kept in**

*confined to the house*

*အိမ်ထဲ ပိတ်မိနေတယ်။*

◆ I was **kept in** by a heavy rain.

မိုးသည်းနေလို့ အိမ်ထဲမှာပဲ ပိတ်မိနေတယ်။

**8. Kept on**

*Continued*

*ဆက်လုပ်သည်။*

◆ She **kept on** talking.

သူမ စကားဆက်ပြောနေတယ်။

**9. Keep back**

*conceal*

*ဖုံးကွယ်ထိမ်ချန်သည်။*

◆ I shall **keep back** nothing from you.

ငါ မင်းကို ဘာမှထိမ်ချန်မထားဘူး။

**10. Kept pace with**

*Progressed at equal rate with*

*တစ်ပြေးညီ တိုးတက်သည်။*

◆ Agriculture in Myanmar has **kept pace with** industrial activities.

မြန်မာပြည်တွင် စိုက်ပျိုးရေးသည် စက်မှုလုပ်ငန်းများနှင့် တစ်ပြေးညီ တိုးတက်နေသည်။

**11. Kept up**

*Carried on*

*ဆက်လုပ်နေသည်။*

◆ They **kept up** a long conversation.

သူတို့ မာရသွန်စကားဆွေးနွေးပွဲကြီးကို ဆက်လုပ်နေတယ်။

**12. Kept up**

*Maintained*

*ဆက်လုပ်နေသည်။*

◆ Disputes and quarrel are chiefly **kept up** by those who have nothing else to do.

ငြင်းခုံပွဲ၊ ရန်ပွဲတွေဆိုတာကတော့ ဘာအလုပ်မှ လုပ်စရာ မရှိတဲ့ လူတွေပဲ အများဆုံး လုပ်နေကြတာပါ။

**13. Keeping up appearance**

*Keeping up on outward show of prosperity*

*ဟိတ်ဟန်မပျက်အောင် နေသည်။*

◆ He is **keeping up appearance** although he has lost his whole fortune.

သူ့ပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးသွားခဲ့ပေမဲ့ ဟိတ်ဟန်မပျက်အောင်တော့ ဆက်ထိန်းထားပါတယ်။

**14. Keeping the wolf from the door**

*Keeping off starvation*

*ငတ်မွတ်ခေါင်းပါးမှုကို ရှောင်လွှဲသည်။*

◆ He find no difficulty in **keeping the wolf from the door.**

ငတ်မွတ်ခေါင်းပါးမှုကို ရှောင်လွှဲရန် သူ့မှာ အခက်အခဲ မရှိကြောင်း တွေ့ရသည်။

**15. Kicked up a row**

*Made great noise or fuss*

*အကြောင်းမဲ့ ရုတ်ရုတ်သဲသဲလုပ်သည်။*

◆ He **kicked up a row.**

သူ အကြောင်းမဲ့ ရုတ်ရုတ်သဲသဲ လုပ်သည်။

**16. Knocked about**

*Wandered about*

*လှည့်လည်သွားလာသည်။*

◆ He has **knocked about** the world a great deal.

သူက ကမ္ဘာပေါ်မှာ အများကြီးလှည့်လည်သွားလာပြီးပြီ။

**17. Knocked down**

*Sold at an auction*

*လေလံတင်ရောင်းချသည်။*

◆ The motor car was **knocked down** for K-50000/-.

မော်တော်ကားကို ကျပ်ငွေငါးသောင်းနှင့် လေလံတင် ရောင်းလိုက်တယ်။

**18. Knocked up**

*Exhausted*

*ခြေကုန်လက်ပန်းကျသည်။*

◆ We were greatly **knocked up** after our steep climb.

မတ်စောက်တဲ့တောင်တက်ပြီးတော့ ကျွန်တော်တို့ ခြေကုန်လက်ပန်းကျကုန်ပြီ။

**19. Know a thing or two**

*Are wise or cunning*

*တတ်သိလိမ္မာသည်။*

◆ I see you **know a thing or two.**

မင်းက တက်သိလိမ္မာတဲ့ သူပဲ။

**20. Knows what he is about**

*Is far sighted and prudent*

*တတ်သိလိမ္မာသည်။*

◆ He **knows what he is about.**

သူက တတ်သိလိမ္မာတယ်။

**21. Knows what's what**

*Is shrewed and experienced*

*သိမြင်နှံ့စပ်သူ*

◆ You can rely on him, he **knows what's what.**

သူက သိမြင်နှံ့စပ်သူပဲ၊ ဒါကြောင့် မင်း သူ့ကို ယုံကြည်အားကိုးနိုင်ပါတယ်။

□

## L

**1. Laid down**

*Surrendered*

*လက်နက်ချသည်။*

◆ The rebels **laid down** their arms.

သူပုန်တွေ လက်နက်ချတယ်။

**2. Laid at his door**

*Imputed to him*

*စွပ်စွဲသည်၊ ယိုးစွပ်သည်။*

◆ Many faults may be **laid at his door,** but he is certainly not dishonest.

အပြစ်တွေအများကြီး သူ့ကို စွပ်စွဲ(သူ့အပေါ်ပုံချ)ထားတယ်။ ဒါပေမဲ့ သူက မရိုးသားသူ တစ်ယောက်တော့ မဟုတ်ဘူး။

**3. Laid handson**

*Assaulted*

*တိုက်ခိုက်စော်ကားသည်။*

◆ The drunkard **laid handson** him while he was returning home.

သူအိမ်ပြန်လာတုန်း အရက်မူးသမားက သူ့ကို စော်ကားတိုက်ခိုက်

**4. Laid waste**

*Destroyed*

*ဖျက်ဆီးသည်။*

◆ The soldiers **laid waste** the City of Troy.

စစ်သားတွေက ထရွိုင်းမြို့ကြီးကို ဖျက်ဆီးပစ်လိုက်ကြတယ်။

**5. Lay in**

*Store up*

*စုဆောင်းသည်၊ သိုလှောင်သည်။*

◆ We ought to **lay in** rice for the rainy season.

မိုးရာသီအတွက် ကျွန်တော်တို့ ဆန်ကို သိုလှောင်ထားသင့်တယ်။

**6. Let off**

*Punished leniently*

*ညှာညှာတာတာ အပြစ်ပေးသည်။ လျှော့ပေါ့စွာ အပြစ်ပေးသည်။*

◆ He was **let off** with a fine for his first offence.

သူ၏ ပထမဆုံးကျူးလွန်သည့် ပြစ်မှုအတွက် ဒဏ်ငွေကိုသာ လျှော့ပေါ့စွာ အပြစ်ပေးသည်။

**7. Lay out**

*Spend*

*သုံးစွဲသည်။*

◆ The people who do not **lay out** their money carefully, soon come to grief.

ငွေကို သတိရှိစွာ မသုံးစွဲသူများသည် မကြာမီ ဝမ်းနည်းရလိမ့်မည်။

**8. Laid out**

*Invested*

*ရင်းနှီးမြှုပ်နှံသည်။*

◆ He had **laid out** a large sum in J.V.3.

သူက ဖက်စပ် (၃) မှာ ငွေအများကြီး ရင်းနှီးမြှုပ်နှံသည်။

**9. Laid up**

*Confied to his bed*

*အိပ်ရာထဲ လဲနေသည်။*

◆ He is **laid up** with fever.

သူက ဖျားပြီး အိပ်ရာထဲ လဲနေသည်။

**10. Lay by**

*Save for future needs*

*စုဆောင်းထားသည်။*

◆ He decided to **lay by** part of his income.

သူ့ဝင်ငွေတစ်စိတ်တစ်ပိုင်းကို နောင်ရေးအတွက် စုဆောင်းဖို့ ဆုံးဖြတ်ထားတယ်။

**11. Let into**

*Made acquainted with*

*သိကျွမ်းဝင်သည်။*

◆ He was **let into** her secret.

သူမရဲ့ လျှို့ဝှက်ချက်ကို သူ သိသွားသည်။

**12. Left no stone unturned**

*Used all available means*

*နည်းလမ်းအားလုံး အသုံးပြုသည်။*

◆ The police **left no stone unturned** to trace culprits.

ရဲက တရားခံတွေကို စုံစမ်းထောက်လှမ်းရာတွင် နည်းလမ်းအားလုံးကို အသုံးပြုသည်။

**13. Leave me in the lurch**

*Leave me in a helpless position*

*Desert me in my difficulties*

*ဒုက္ခရောက်နေစဉ် စွန့်ခွာသွားသည်။*

◆ I never expect that you would **leave me in the lurch.**

ဒုက္ခရောက်နေတဲ့အချိန်မှ မင်း စွန့်ခွာသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။

**14. Lighted upon**

*Chanced to find, discovered*

*တွေ့ရှိသည်။*

◆ I **lighted upon** a gold ring in the heap.

ငါ အမှိုက်ပုံးထဲက ရွှေလက်စွပ်တစ်ကွင်း တွေ့တယ်။

**15. Like a fish out of water**

*Like one out of his element, in a strange situation*

*ဘာမှမဆိုင်၊ ဘာမှမသိ*

◆ While they were discussing question of finance, I felt **like a fish out of water.**

သူတို့ဘဏ္ဍာရေးကိစ္စဆွေးနွေးနေတုန်း ကျွန်တော်နဲ့ ဘာမှမဆိုင်သလိုပါပဲ။

**16. Lie in the bed you have made**

*Take the consequences of your own acts*

*ကိုယ်ပြုသမျှ ကိုယ်ခံရသည်။*

◆ You must **lie in the bed you have made.**

သင်ပြုသမျှကံ သင့်ထံ ပြန်လာမှာပဲ။

**17. Lives by his wits**

*Pick up a living by deceit or fraud*

*မမှန်ကန်သောနည်းလမ်းဖြင့် သူ အသက်မွေးတယ်လို့ ငါ မယုံသင်္ကာဖြစ်တယ်။*

**18. Loaves and fishes**

*Material benefits*

*အကျိုးကျေးဇူး ဖြစ်ထွန်းရန်*

◆ Some Indians in Myanmar embraced Buddhism for **loaves and fishes.**

မြန်မာနိုင်ငံရှိ အချို့သော အိန္ဒိယနိုင်ငံသားများသည် ၎င်းတို့ အကျိုးကျေးဇူးအတွက် ဗုဒ္ဓဘာသာသို့ ဝင်ကြသည်။

**19. Looks after**

*Take care of*

*စောင့်ရှောက်ကြည့်ရှုသည်။*

◆ His uncle **looks after** him.

သူ့ဦးလေးက သူ့ကို စောင့်ရှောက်ကြည့်ရှုတယ်။

**20. Looks down upon**

*Despises*

*အထင်သေးသည်။*

◆ He **looks down upon** his poor cousins.

သူရဲ့ဆင်းရဲသော ညီဝမ်းကွဲများအပေါ် အထင်သေးသည်။

**21. Looking forward to**

*Expecting with pleasure*

*ဝမ်းသာမျှော်လင့်*

◆ The old man is **looking forward to the visit of his** grand children.

အဘိုးကြီးက သူ့မြေးတွေဆီ သွားလည်ဖို့ မျှော်လင့်ပြီး ကြည်နူးဝမ်းသာနေသည်။

**22. Look into**

*Investigate*

*စုံစမ်းစစ်ဆေးသည်။*

◆ I will **look into** the matter.

ဒီကိစ္စကို ငါ စုံစမ်းစစ်ဆေးပါမယ်။

**23. Look on**

*Regard*

*သဘောထားသည်။*

◆ I **look on** him as my son.

ငါ သူ့ကို သားလို သဘောထားတယ်။

**24. Look to**

*Rely on*

*အားထားသည်။*

◆ The people **look to** legistation to hasten the progress of social reform.

လူမှုရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်မြန်ဆန်အောင် တရားဥပဒေကို လူထုက အားထားနေကြတယ်။

**25. Look to**

*Be careful about*

*သတိထားသည်။*

◆ **Look to** your manners.

မင်းရဲ့အပြုအမူများကို သတိထားပါ။

**26. Look up**

*Search for*

*ရှာဖွေသည်။*

◆ **Look up** the word in the dictionary.

အဘိဓာန်ထဲမှာ စကားလုံးကို ရှာပါ။

**27. Looked into**

*Investigate*

*စုံစမ်းစစ်ဆေးသည်။*

◆ This matter must be carefully **looked into.**

ဒီကိစ္စကို သေသေချာချာ စုံစမ်းစစ်ဆေးရမယ်။

**28. Looking up**

*Rising*

*ဈေးတက်သည်။*

◆ Prices of domestic goods are **rising up.**

မီးဖိုချောင်သုံးပစ္စည်းတွေ ဈေးတက်နေတယ်။

**29. Looking up**

*Improving*

*တိုးတက်သည်။*

- Things are **looking up**.

  အရာရာတိုင်း တိုးတက်လာတယ်။

**30. Look up to**

*Respect*

*ရိုသေလေးစားသည်။*

- We should **look up** to our teacher.

  ကျွန်တော်တို့ ဆရာကို လေးစားရမယ်။

- His friends **look up** to him.

  သူ့မိတ်ဆွေတွေက သူ့ကို လေးစားကြတယ်။

**31. Losing ground**

*Becoming less powerful or acceptable*

*ယုံကြည်မှု လျော့ပါးလာသည်။*

- The belief in witchcraft is **looking ground.**

  စုန်းကဝေအတတ်ပညာကို ယုံကြည်မှု လျော့ပါးလာသည်။

□

# M

**1. Made a pile**

*Made a for tune*

*ကြီးပွားချမ်းသာလာသည်။*

◆ During the great war he **made a pile.**

ကမ္ဘာစစ်အတွင်းက သူ ကြီးပွားချမ်းသာလာခဲ့သည်။

**2. Made a clean breast of**

*Confessed without reserve*

*အားလုံးထုတ်ဖော်ဝန်ခံသည်။*

◆ Before his death, he made a clean breast of everything connected with that affair.

ဒီကိစ္စနှင့် ပတ်သက်သမျှအားလုံးကို သူမသေမီ ထုတ်ဖော်ဝန်ခံခဲ့တယ်။

**3. Made ducks and drakes of**

*Squandered*

*သုံးဖြုန်းပစ်သည်။*

◆ He **made ducks and drackes of** his patrimony.

အမွေရတာအကုန်လုံး သူ သုံးဖြုန်းပစ်လိုက်သည်။

**4. Made common cause with**

*Sided with and supported*

*ပူးပေါင်းထောက်ခံသည်။*

◆ Democratic Kayin Buddhist Organization **made common cause with** the government of the Union of Myanmar.

ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာအဖွဲ့သည် မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလိုက်သည်။

**5. Made light of**

*Treated lightly*

*သိပ်အလေးအနက်မထား*

◆ He **made light of** his friend's warning.

သူ့သူငယ်ချင်းရဲ့ သတိပေးချက်ကို သိပ် အလေးအနက် မထားဘူး။

**6. Made the most of**

*Used it to the best adventage*

*အကောင်းဆုံး အသုံးချသည်။*

◆ He **made the best of** his opportunity.

သူအခွင့်အရေးကို အကောင်းဆုံး အသုံးချသွားတယ်။

**7. Made it up**

*Become recoinciled*

*ညီညွတ်စည်းလုံးသည်။*

◆ Last year the two brothers quarrelled, but they have now **made it up.**

လွန်ခဲ့တဲ့နှစ်က ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အခု ညီညွတ်စည်းလုံးသွားပြီ။

**8. Made his mark**

*Distinguished himself*

*ထင်ပေါ်အောင် လုပ်သည်။*

◆ He **made his mark** as a chemist.

သူ့ကိုယ်သူ ဓာတုဗေဒပညာရှင်ဖြစ်ကြောင်း ထင်ပေါ်အောင် လုပ်သည်။

**9. Made over**

*Presented, gave in charity*

*ပေးကမ်းလှူဒါန်းသည်။*

◆ He **made over** his bungalow to the orphanage.

သူ့အိမ်ကို မိဘမဲ့ဂေဟာသို့ လှူဒါန်းလိုက်သည်။

**10. Made my flesh creep**

*Horrified me*

*ထိတ်လန့်တုန်လှုပ်စေသည်။*

◆ The news of earthquake in my native town as narrated by my friend, **made my flesh creep**.

ကျွန်တော့်ဇာတိမြို့မှာ ငလျင်လှုပ်တဲ့အကြောင်း သူငယ်ချင်း တစ်ယောက်က ပြန်ပြောပြတော့ ကျွန်တော် အတော် ထိတ်လန့်တုန်လှုပ်သွားခဲ့တယ်။

**11. Make believe**

*Pretend*

*ဟန်ဆောင်သည်။*

◆ Let us **make believe** we are pirates.

တို့ ပင်လယ်ဓားပြဟန်ဆောင်ထားကြစို့။

**12. Makes for**

*Conduces to*

*ဖြစ်စေသည်၊ ရှေးရှုသည်။*

◆ Contentment **makes for** happiness.

ရောင့်ရဲခြင်းသည် ပျော်ရွှင်မှုကို ဖြစ်စေသည်။

**13. Make good**

*Fulfill*

*ပြည့်စေသည်၊ အတည်ဖြစ်စေသည်။*

◆ You must **make good** your promise.

မင်း ကတိတည်ရမယ်နော်။

**14. Makes my mouth water**

*Makes me long to eat it*

*သွားရည်ကျစေသည်။*

◆ The smell of StarCola **makes my mouth water.**

စတားကိုလာဖျော်ရည်အနံ့ကြောင့် သွားရည်ကျလာပြီ။

**15. Makes much more of**

*Shows more affection to*

*ပို၍ ချစ်ခင်သည်။*

◆ She **makes much more of** her son than of her daughter.

သူမဟာ သူ့သားကို သမီးထက် ပိုပြီးချစ်တယ်။

**16. Make out**

*Discover*

*တွေ့ရှိဖော်ထုတ်သည်။*

◆ He cannot **make out** the meaning of this verse.

ဒီကဗျာရဲ့ အဓိပ္ပာယ်ကို သူ မသိဘူး။

**17. Make out**

*Read, decipher*

*ဖတ်သည်၊ စကားဝှက်ဖော်သည်။*

◆ I cannot **make out** his handwriting.

သူ့လက်ရေးကို ကျွန်တော် မဖတ်တတ်ဘူး။

**18. Make out**

*Prove*

*ဖော်ထုတ်သက်သေပြသည်။*

◆ You have failed to make out your case.

မင်းအမှုကိစ္စကို ဖော်ထုတ်သက်သေပြဖို့ ပျက်ကွက်တယ်။

**19. Make shift**

*Get along as beat as we could*

*တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ရမယ်။*

◆ Our team leader was ill, so we had to **make shift** without him.

ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်က ဖျားနေတယ်။ ဒါကြောင့် သူမပါဘဲ ကျွန်တော်တို့ချည်း တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ရမှာပဲ။

**20. Make up for**

*Com for*

*ကျေနပ်စေသည်၊ လျော်ကြေးပေးသည်၊ အစားပေးရန်*

◆ You can never **make up for** such unkindness.

ဒီလိုအကြင်နာမဲ့တဲ့ လုပ်ရပ်အတွက် ကျေနပ်အောင် ဘယ်တော့မှ လုပ်ပေးနိုင်မှာ မဟုတ်တော့ဘူး။

**21. Means business**

*Is in earnest*

*စိတ်အားထက်သန်သည်။*

◆ I am sure he **means business.**

သူ အထူးစိတ်ထက်သန်နေတာ သေချာပါတယ်။

**22. Move heaven and earth**

*Make all-out efforts*

*အစွမ်းကုန်ကြိုးပမ်းသည်။*

◆ All parties were determind to **move heaven and earth** to win the election.
ပါတီအားလုံးသည် ရွေးကောက်ပွဲတွင် အနိုင်ရရန်အတွက် အစွမ်းကုန် ကြိုးပမ်းရန် ဆုံးဖြတ်ထားကြသည်။

**23. Moved heaven and earth**
*Made every possible effort*
*နည်းပေါင်းစုံနှင့် ကြိုးပမ်းသည်။*

◆ His adversaries **moved heaven and earth** to get him dismissed.
သူ့ရန်သူတွေက သူ့ကို ပထုတ်ပစ်ဖို့ နည်းပေါင်းစုံနှင့် ကြိုးစားသည်။

□

# N

1. **Nail my colours to the mast**
   *Refuse to climbdown or surrender*
   *အရှုံးမပေးပါ။*
   - ◆ **I nail my colours to the mast.**
   ကျွန်တော် လက်မြှောက် အရှုံးမပေးဘူး။

2. **Neither here nor there**
   *Not bearing on the subject in hand, Irrelevent*
   *မဆီလျော်ပါ။*
   - ◆ What you say is **neither here nor there.**
   မင်းပြောတာဟာ အခုကိစ္စနဲ့ မဆီလျော်ဘူး။

3. **Neither head nor tail**
   *Nothing*
   *ဘာတစ်ခုမျှ*
   - ◆ I can make **neither head nor tail** of it.
   ဒီဟာကို ငါဘာတစ်ခုမှ မလုပ်နိုင်ဘူး။

4. **Next to nothing**
   *Knows nothing*
   *လုံးဝမသိပါ။*

◆ I konw **next to nothing** about politics.
နိုင်ငံရေးအကြောင်း ငါ လုံးဝမသိပါ။

**5. Next door to impossible**
*Almost impossible*
*မဖြစ်နိုင်သလောက်ပဲ။*
◆ It is **next door to impossible** to meditate in a hotel.
ဟိုတယ်တစ်ခုမှာ တရားထိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလောက်ပါပဲ။

**6. No love last between them**
*Not on good terms, Dislike each other*
*ဆက်ဆံရေး မပြေလည်ပါ။*
◆ There is **no love last between them.**
သူတို့အချင်းချင်း ဆက်ဆံရေး မပြေလည်ပါ။

**7. No stone unturned**
*Nothing is left undone.*
*တစ်ခုမှ ချန်မထားပါ။*
◆ I will leave **no stone unturned** to find your ring.
မင်းလက်စွပ်ကို ငါ မြေလှန်ရှာပေးပါ့မယ်။

**8. Not fit to hold a candle to**
*Not to be named in comparison with*
◆ He is **not fit to hold a candle to** his predecessor.
သူဟာ အရင်လူရဲ့နေရာကို ဆက်ခံရဖို့ သင့်လျော်သူ မဟုတ်ပါ။

**9. Not in voice**
*Unable to sing well*
*ကောင်းကောင်းသီချင်းမဆိုနိုင်ပါ။*
◆ The singer was **not in voice** at the concert because of slight caught.
အဆိုတော်က ချောင်းနည်းနည်း ဆိုးနေလို့ ဒီဧည့်ခံပွဲမှာ သီချင်းကောင်းကောင်း မဆိုနိုင်ပါ။

**10. Not worth his salt**

*Quite worthless*

*လုံးဝတန်ဖိုးမဲ့သည်။*

◆ He is **not worth his salt** if he fails at this juncture.

ဒီလို သိပ်အရေးကြီးတဲ့ စပ်ကူးမပ်ကူးအချိန်မှာ သူ မအောင်မြင်ရင်တော့ လုံးဝ တန်ဖိုးရှိတော့မှာ မဟုတ်ဘူး။

□

# O

**1. Off and on**

*Now and then, Occasionally*

မကြာခဏ

◆ He visit me **off and on.**

သူက မကြာခဏ ငါ့ဆီလာလည်တယ်။

**2. On and off**

*At intervals*

နားနားနေနေ

◆ He has been working **on and off** several years to compile a dictionary.

သူက အဘိဓာန်ပြုစုရာမှာ နှစ်ပေါင်းများစွာ နားနားနေနေ လုပ်လာရတယ်။

**3. On the alert**

*On your guard, Ready to get*

အသင့်ရှိသည်၊ နိုးနိုးကြားကြားရှိသည်။

◆ The attack might be launched at any time, so you may be **on the alert.**

တိုက်ပွဲက အချိန်မရွေးဖြစ်နိုင်တယ်။ ဒါကြောင့် မင်း အသင့် နိုးနိုးကြားကြား ရှိနေရမယ်။

**4. On the brain**

*Constantly in his thought as a sort of monomania*

*အစွဲအလမ်းကြီးသည်။*

◆ He has politics **on the brain.**

သူ့ခေါင်းထဲမှာ နိုင်ငံရေးပဲ ရှိတယ်။ (နိုင်ငံရေးရူးတစ်ယောက်ပဲ)

**5. On the spot**

*Instantly*

*ရုတ်တရက်*

◆ He died **on the spot.**

သူ ပွဲချင်းပြီး သေသွားတယ်။

**6. On his last legs**

*On the verge of ruin*

*ကျဆုံးတော့မည့်ဆဲဆဲ*

◆ That vocalist is believed to be **on his last legs.**

အဲဒီအဆိုတော်ဟာ ကျဆုံးတော့မည့်ဆဲဆဲပဲ။

**7. On the spur of the movement**

*At once, without deliberation*

*ချက်ချင်း၊ ရုတ်တရက်*

◆ I cannot give you a definite reply **on the spur of the movement.**

မင်းကို ရုတ်တရက် တိကျတဲ့အဖြေ မပေးနိုင်ဘူး။

**8. On the wrong side of sixty**

*More than sixty years of age*

*အသက် (၆၀) ကျော်သည်။*

◆ He is an sound health, although he is **on the wrong side of sixty.**

သူ အသက် (၆၀) ကျော်နေပေမဲ့ ကျန်းမာရေး သိပ်ကောင်းတယ်။

**9. Out of date**
*Obsolete*
*ခေတ်မမီတော့ပါ။*

◆ This text book is **out of date.**
ဒီပြဋ္ဌာန်းစာအုပ်က ခေတ်မမီတော့ပါ။

**10. Out of hand**
*Beyond control*
*လက်လှမ်းမမီတော့ပါ။*

◆ The situation seems to have got **out of hand.**
အခြေအနေက လက်လှမ်းမမီတော့တဲ့ အဆင့်ရောက်နေပြီ။

**11. Out of the way**
*Strange, Eccentric*
*ထူးခြားမှု*

◆ There was nothing **out of the way** in the behaviour of that stranger.
အဲဒီသူစိမ်းရဲ့ အမူအရာတွေမှာ ထူးခြားတာ မရှိသေးပါဘူး။

**12. Out of the question**
*Not to be thought of, Impossible*
*မဖြစ်နိုင်ပါ။*

◆ What you purpose is **out of the question.**
မင်းအဆိုပြုတာ မဖြစ်နိုင်ဘူး။

**13. Over head and ears**
*Deeply*
*နက်ရှိုင်းစွာ နစ်နေသည်။*

◆ He is **over head and ears** in debt.
သူဟာ ကြွေးတွေထဲမှာ နစ်နေတယ်။

□

P

1. **Passed by**
   *Over looked*
   *မမြင်တတ် (မျက်စိလျှမ်း)*
   - He generally **passed by** the faults of his subordinates.
   သူသည် များသောအားဖြင့် လက်အောက်ငယ်သားများ၏ ချို့ယွင်းချက်များကို မမြင်တတ်ပေ။

2. **Passed through**
   *Under went*
   *ကျော်လွှားသည်။*
   - The crews **passed through** terrible sufferings.
   သင်္ဘောသားများသည် ကြောက်မက်ဖွယ်ဒုက္ခများကို ကျော်လွှားခဲ့ရသည်။

3. **Paid him back in his own win**
   *Treated him in the same way as he had treated me*
   *တုံ့ပြန်လုပ်ဆောင်သည်။*
   - When the opportunity came, I **paid him back in his own win.**
   အခွင့်အရေးကြုံလာတဲ့အခါ သူ့လုပ်ရပ်အတိုင်း ငါကပြန်ပြီး တုံ့ပြန်လိုက်တယ်။

**4. Picked out**

*Selected*

ရွေးချယ်သည်။

◆ The football committee **picked out** the best players.
ဘောလုံးကော်မတီက အတော်ဆုံးကစားသမားများကို ရွေးချယ်လိုက်သည်။

**5. Picking up**

*Regaining or recovering health*

ပြန်ကောင်းသွားပြီ၊ ပြန်လည်ကျန်းမာလာသည်။

◆ He was in sickness during the last month, but is now **picking up**.
ပြီးခဲ့တဲ့လက သူ ဖျားခဲ့တယ်။ ဒါပေမဲ့ အခု ကျန်းမာရေး ပြန်ကောင်းသွားပြီ။

**6. Pay through the nose**

*Pay much too high a price*

*တန်ဖိုး အဆ မတန် ပေးဝယ်*

◆ He **paid through the nose** for this wretch little car, he paid much too high price.
ဒီကားစုတ်လေးအတွက် သူ တန်ဖိုး အဆမတန် ပေးလိုက်ရတယ်။

**7. Pins his faith to**

*Places full reliance upon*

လုံးဝအားထားသည်။

◆ He **pins his faith to** technical education.
သူဟာ နည်းပညာဘက်ကိုပဲ လုံးဝ အားထားနေတယ်။

**8. Played me false**

*Deceived me*

လိမ်ညာသည်။

◆ I trusted him but he **played me false.**
ငါက သူ့ကို ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ သူက လိမ်ညာတယ်။

**9. Pull down**
*Demolish, pull to pieces*
*ဖျက်ဆီးသည်။*
◆ It is far easier to **pull down** than to build up.
တည်ဆောက်ဖို့ထက် ဖျက်ဆီးပစ်ဖို့က အများကြီး ပိုလွယ်တယ်။

**10. Pulled up**
*Scolded, Rebuked*
*ပြစ်တင်ဆုံးမသည်။*
◆ He was **pulled up** by his parents.
သူ့မိဘတွေရဲ့ ပြစ်တင်ဆုံးမတာကို ခံနေရတယ်။

**11. Put in**
*Made, send in*
*တောင်းခံသည်။*
◆ He has **put in** a claim for compansation.
လျော်ကြေးအတွက် သူက တောင်းခံလွှာပေးပို့ပြီး တောင်းခံလိုက်တယ်။

**12. Put out**
*Extinguish*
*ငြိမ်းသတ်သည်။*
◆ Please, **put out** the light.
ကျေးဇူးပြုပြီး မီးငြိမ်းလိုက်ပါ။

**13. Put me off**
*Evade, satisfy me*
*ရှောင်လွှဲသည်၊ နှစ်သိမ့်သည်။*
◆ He tried to **put me off** with promises.
သူက ငါ့ကို ကတိတွေပေးပြီး ရှောင်လွှဲနေတယ်။

**14. Put a good face on**

*Bore up courageously*

*ရဲရဲရင့်ရင့် ရင်ဆိုင်သည်။*

◆ He failed to get elected, but **put a good face on.**

သူ ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားတယ်။ ဒါပေမဲ့ အဲဒီအရှုံးကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့တယ်။

**15. Pull through**

*Pulled with difficulty*

*ခက်ခက်ခဲခဲ အောင်မြင်သည်။*

◆ My brother **pulled through** the examination.

ကျွန်တော့်အစ်ကိုက စားမေးပွဲကို ခက်ခက်ခဲခဲ အောင်ထားရတာပါ။

**16. Put together**

*Work together in harmony, co-operate*

*ပူးပေါင်းဆောင်ရွက်သည်။*

◆ Unless we **pull together**, we cannot succeed.

ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ခြင်း မရှိလျှင် အောင်မြင်မှာ မဟုတ်ပါ။

**17. Pull through**

*Recover from his illness*

*ပြန်လည်ကျန်းမာသည်။*

◆ The doctors say the patient will **pull through.**

ဆရာဝန်တွေက ပြောတယ်၊ လူနာ ပြန်ကောင်းသွားမှာပါတဲ့။

**18. Plays fast and loose**

*Says one thing and does another*

*အပြောတစ်မျိုး၊ အလုပ်တစ်မျိုး*

◆ How can you trust a man who **plays fast and loose.**

အပြောတစ်မျိုး အလုပ်တစ်မျိုးလူကို မင်း ဘယ်လိုလုပ် ယုံကြည်စိတ်ချနိုင်မလဲ။

**19. Put up with**

*Endure*

တွေ့ကြုံခံစားရသည်။

◆ When travelling, I had to **put up with** many difficulties.

ခရီးသွားနေစဉ် ငါတော့ အခက်အခဲအများကြီးနဲ့ တွေ့ကြုံခံစားခဲ့ရတယ်။

**20. Put off**

*Postponed*

ရွှေ့ဆိုင်းသည်။

◆ He **put off** his deperture for a week.

သူထွက်သွားဖို့ တစ်ပတ်ရွှေ့လိုက်တယ်။

◆ Never **put off** till tommorrow what you can do to day.

ဒီနေ့လုပ်နိုင်သောအလုပ်ကို မနက်ဖြန်မရွှေ့ဆိုင်းပါနဲ့။

**21. Put through**

*Passed*

အတည်ဖြစ်သည်။

◆ The measure was **put through** without opposition.

စီမံချက်(ဥပဒေ)က ကန့်ကွက်သူမရှိဘဲ အတည်ဖြစ်သွားသည်။

**22. Put you to**

*Give you*

ပေးသည်။

◆ I am sorry to **put you to** so much trouble.

မင်းကို ဒုက္ခတွေပေးမိတာ ဝမ်းနည်းပါတယ်။

**23. Puts me in mind**

*Reminds me*

သတိရစေသည်၊ နှိုးဆော်ချက်

◆ Thus **put me in mind** of an amusing.

ပျော်ရွှင်ဖွယ်အတွေ့အကြုံတစ်ခုကို ဒီအဖြစ်အပျက်က သတိရစေတယ်။

**24. Put my foot down**

*Take a resolute stand*

*ခိုင်မာစွာရပ်တည်သည်။*

◆ Where discipline is concerned I **put my foot down.**

စည်းကမ်းနဲ့ ပတ်သက်လာရင်တော့ ငါက ခိုင်ခိုင်မာမာ ရပ်တည်ရမှာပဲ။

**25. Put their heads together**

*Consulted one another*

*အချင်းချင်း ညှိနှိုင်းဆွေးနွေးသည်။*

◆ They **put their heads together** to formulate a law.

ဥပဒေတစ်ခု ချမှတ်ဖို့ သူတို့အချင်းချင်း ညှိနှိုင်းဆွေးနွေးကြတယ်။

**26. Put on the market**

*Offered for sale*

*ရောင်းဖို့ကမ်းလှမ်းထားသည်။*

◆ The house is **put on the market.**

အိမ်ကိုရောင်းဖို့ ကမ်းလှမ်းထားတယ်။

**27. Put the screw on**

*Brought presure to bear on*

*တွန်းအားပေးသည်။*

◆ His superior officer **put the screw on** him to vote for his friends.

သူ့အထက်အရာရှိက သူ့မိတ်ဆွေကို မဲပေးဖို့ တွန်းအားပေးနေတယ်။

**28. Put me on my mettle**

*Roused me to do my best*

*အကောင်းဆုံးလုပ်နိုင်အောင် အားဖြည့်ပေးသည်*

◆ This unexpected news **put me on my mettle.**
ဒီမမျှော်လင့်တဲ့သတင်းက ငါ့ကို အကောင်းဆုံး လုပ်နိုင်အောင် အားဖြည့်ပေးတာပဲ။

**29. Put a spoke in my wheel**
*Frustrate, foil*
*ဖျက်ဆီးသည်၊ ပျက်စီးစေသည်။*

◆ It was he who **put a spoke in my wheel.**
ငါ့ကို ပျက်စီးစေတာတော့ သူပဲ။

**30. Pour oil on troubled waters**
*Settle a quarrel*
*ရန်ပွဲငြိမ်းပေးသည်။*

◆ The girls at the hostel are always quarrelling. I hope the warden will be able to **pour oil on troubled waters.**
အဆောင်က မိန်းကလေးတွေ အမြဲတမ်း ရန်ဖြစ်နေကြတယ်။ အဆောင်မှူးက ရန်ပွဲကို ငြိမ်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။

□

# R

**1. Run against**

*Chanced to meet*

*တွေ့ဆုံခွင့်ရသည်။*

◆ I **ran against** an old friend.

ကျွန်ုပ် မိတ်ဆွေဟောင်းတစ်ယောက်နှင့် အမှတ်မထင် တွေ့ခဲ့ရတယ်။

**2. Red handed**

*In the very act of committing the theft*

*လက်ပူးလက်ကြပ်*

◆ The thief was caught **red-handed.**

သူခိုးကို လက်ပူးလက်ကြပ်မိတယ်။

**3. Run into**

*Incurred*

*လုံးထွေးသက်ရောက်သည်။*

◆ He has **run into** debt.

သူဟာ အကြွေးသံသရာထဲ ရောက်နေပြီ။

**4. Run out**

*Expired*

*ကုန်ဆုံးသည်။*

◆ The lease of our premises has **run out.**
ကျွန်တော်တို့ အဆောက်အဦ ငှားရမ်းစာချုပ် သက်တမ်းကုန်ပြီ။

**5. Running over**
*Over flowing*
*ရေလျှံသည်။*

◆ The cistern is **running over.**
ရေကန်က ရေလျှံနေပြီ။

**6. Run through**
*Squandered away*
*သုံးဖြုန်းပစ်သည်။*

◆ He has **run through** his fortune.
သူက သူ့ပစ္စည်းတွေကို သုံးဖြုန်းပစ်တယ်။

**7. Run up**
*Increased*
*တိုးတက်လာသည်။*

◆ Recently my expenses have **run up.**
မကြာမီကမှ ကျွန်တော့်အသုံးစရိတ်တွေ တက်လာတယ်။

**8. Run up to**
*Amounted to*
*ငွေပမာဏများလာပြီ။*

◆ The medical bill has **run up to** a large amount.
ဆေးကုသငွေတောင်းခံလွှာမှာ ငွေပမာဏ အတော်များလာပြီ။

❐

## S

**1. Saw through**

*Detected*

*ထောက်လှမ်းတွေ့ရှိသည်။*

◆ I **saw through** the trick.

လှည့်ကွက်ကို စုံစမ်း သိရှိရပြီ။

**2. See him off**

*Witness his departure*

*လိုက်ပို့နှုတ်ခွန်းဆက်သည်။*

◆ His friends were present at the station to **see him off.**

သူ့မိတ်ဆွေတွေက ဘူတာမှာ သူ့ကို လိုက်ပို့နှုတ်ဆက်ဖို့ ရောက်နေကြသည်။

**3. See into**

*Discern, Perceive*

*ခွဲခြမ်းသိမြင်၊ ပိုင်းခြားနားလည်*

◆ It is hard to **see into** his motive.

သူရဲ့အကြောင်းရင်းကို ခွဲခြားသိမြင်ဖို့ ခဲယဉ်းသည်။

**4. Set apart**

*Reserved*

*သီးသန့်ထားသည်။*

◆ These seats are **set apart** for ladies.

ဒီနေရာတွေက အမျိုးသမီးတွေအတွက် သီးသန့်ထားတာပါ။

**5. Set aside**

*Annuled*

*ပျက်စေသည်၊ ပလပ်သည်။*

◆ The high court **set aside** the decree of the lower court.

တရားရုံးချုပ်က အောက်ရုံး၏ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။

**6. Set forth**

*Explained*

*ရှင်းပြသိစေသည်။*

◆ After a long speech he **set forth** his views at length.

မိန့်ခွန်းရှည်ကြီးပြောပြီး နောက်ဆုံး သူ့အမြင်ကို ရှင်းပြသွားတယ်။

**7. Set down**

*Charge*

*တာဝန်ချသည်၊ စွပ်စွဲသည်။*

◆ You may **set down** this loss to me.

ဒီဆုံးရှုံးမှုအတွက် ငါ့တာဝန်ထားပါ။

**8. Set him down**

*Snub him*

*ဟန့်တားဆုံးမသည်။*

◆ I was obliged to **set him down.**

သူ့ကို ဟန့်တား ဆုံးမဖို့ ငါ့မှာ တာဝန်ရှိတယ်။

**9. Sets in**

*Begins*

*စတင်သည်။*

◆ Winter in Myanmar **sets in** about November.
မြန်မာနိုင်ငံမှာ ဆောင်းရာသီက နိုဝင်ဘာလလောက်မှာ စတင်သည်။

**10. Set his face against**

*Sternly opposed*

*အပြင်းအထန် ဆန့်ကျင်သည်။*

◆ He **set his face against** nautch parties.
ကပွဲ ကျင်းပပြုလုပ်ဖို့ကို သူက အပြင်းအထန် ဆန့်ကျင်နေတယ်။

**11. Set a person on his feet**

*Helped him to earn his own living*

*သူ့ဝမ်းစာ သူရှာနိုင်အောင်၊ သူ့ခြေထောက်ပေါ် ရပ်နိုင်အောင်*

◆ His uncle **set him on his feet.**
သူ့ဦးလေးက သူကိုယ်တိုင် အသက်မွေးဝမ်းကျောင်းနိုင်အောင် ကူညီပေးတယ်။

**12. Set off**

*Started*

*ထွက်သွားသည်။*

◆ He **set off** for Mandalay early this morning.
သူ ဒီနေ့မနက်စောစော မန္တလေးကို ထွက်သွားပြီ။

**13. Set up**

*Started business*

*လုပ်ငန်းလုပ်သည်။*

◆ He has **set up** as a banker.
သူက ဘဏ်လုပ်ငန်းကို လုပ်ကိုင်တယ်။

**14. Set me up**

*Establish myself*

*လုပ်ငန်းတည်ထောင်သည်။*

◆ I have enough capital to **set me up** in trade.
ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ဖို့ ငါ့မှာ ငွေအရင်းအနှီး အလုံအလောက် ရှိတယ်။

**15. Set up for**

*Pretended to be*

*ဟန်ဆောင်သည်။*

◆ He lived in luxury and **set up for** a millionaire.
သူက ခိမ်ကျကျနေထိုင်ပြီး မီလျံနာသူဌေးကြီးဟန်ဆောင်နေတယ်။

**16. Set upon**

*Attacked*

*တိုက်ခိုက်သည်။*

◆ The robbers **set upon** the defenceless travellers.
ဓားပြများသည် အကာအကွယ်မဲ့နေသော ခရီးသွားများကို တိုက်ခိုက်ကြသည်။

**17. Set you on**

*Instigated you*

*သွေးဆောင်တိုက်တွန်းသည်။*

◆ Who **set you on** to do it.
ဒီဟာကိုလုပ်ဖို့ မင်းကို ဘယ်သူက သွေးဆောင်တိုက်တွန်းတာလဲ။

**18. Sets everybody by the ears**

*Is a mischief-maker*

*အပြောသမား၊ လူညာ*

◆ **He sets everybody by the ears.**
သူက အပြောသမား လူညာပဲ။

**19. Second nature**

*Habit*

*ဓလေ့၊ အကျင့်*

◆ Reading before I go to sleep has become **second nature** with me.
မအိပ်မီ စာဖတ်ခြင်းက ငါ့ရဲ့ အလေ့အကျင့် တစ်ခု ဖြစ်နေပြီ။

**20. Sharp practice**
*Underhand, done by unfair means*
*ဆက်ဆံရေးမပြေပြစ်*
◆ He is guilty of **sharp practice.**
သူ့မှာ ဆက်ဆံရေးမပြေပြစ်တဲ့ ချို့ယွင်းချက်ရှိတယ်။

**21. Sent him about his business**
*Dismissed him*
*ထုတ်ပစ်သည်။*
◆ I **sent him about his business** as I could stand his isolence no longer.
သူရဲ့စော်ကားမှုတွေကို ဆက်လက် သည်းမခံနိုင်တော့လို့ သူ့ကို အလုပ်ထုတ်လိုက်ပြီ။

**22. Show my hand**
*Reveal my plan*
*ကိုယ့်အကြံအစည်ကို ဖော်ပြသည်။*
◆ I am ready to **show my hand** although my parents do not agree.
ငါ့မိဘတွေ သဘောမတူပေမဲ့ ငါ့ရဲ့အကြံအစည်ကို ဖွင့်ပြောပြဖို့ အသင့်ပါပဲ။

**23. Showing his teeth**
*Adopting a threatening attitude*
*ခြိမ်းခြောက်မောက်မာသည်။*
◆ He is **showing a threatening** attitude, because he has nothing to fear.
သူက ငါ့ကို ကြောက်စရာမလိုတော့တဲ့အတွက် ခြိမ်းခြောက်မောက်မာလာနေတယ်။

**24. Showed a clean pair of heels**

*Ran away*

*ထွက်ပြေးသည်။*

◆ On the approach of a policeman the bandit **showed a clean pair of heels.**

ရဲသားအနားရောက်တော့ ဓားပြတစ်ယောက်က ထွက်ပြေးတယ်။

**25. Sitting on the fence**

*Hesitating which side to join*

*ခြစည်းရိုး ခွထိုင် (နှစ်ဖက်ခွတုတ်) သည်။*

◆ He is accused of **sitting on the fence.**

နှစ်ဖက်ခွတုတ်နေတယ်လို့ သူ့ကို စွပ်စွဲကြတယ်။

**26. Shut up shop**

*Retired from business*

*လုပ်ငန်းမှ အနားယူသည်။*

◆ He **shup up shop** although he was just over fifty.

သူ့အသက် ငါးဆယ်ကျော်လေးပဲရှိသေးပေမဲ့ အလုပ်က အနားယူသွားပြီ။

**27. Speaks volumns for**

*Serves as a strong testimony to*

*နိုင်မာစေသည်၊ သက်သေပြသည်။*

◆ It **speaks volumns for** that he can do this without any one's help.

ဘယ်သူအကူအညီမှ မပါဘဲ ဒါကို သူလုပ်နိုင်တယ်လို့ သက်သေပြတာပဲ။

**28. Speak of**

*Worth mentioning*

*ပြောပလောက်သော*

◆ In the town there is no library to **speak of.**

ဒီမြို့မှာ ပြောပလောက်တဲ့ စာကြည့်တိုက်မရှိပါဘူး။

**29. Speak out**

*Express my opinion freely*

*ပွင့်ပွင့်လင်းလင်း ပြောသည်။*

◆ I was determined to **speak out.**

ကျွန်တော့်အဖြစ်ကို ပွင့်ပွင့်လင်းလင်းပြောဖို့ ဆုံးဖြတ်ထားပြီ။

**30. Spread like wild fire**

*Spread rapidly*

*လျှင်မြန်စွာ ကူးစက်ပျံ့နှံ့သည်။*

◆ The news of the president's death **spread like wild fire.**

သမ္မတကွယ်လွန်ကြောင်းသတင်းဟာ တောမီးပမာ ပျံ့နှံ့သွားတယ်။

**31. Star is in the ascendant**

*Fortune favours him*

*ကံကောင်းနေတယ်။*

◆ His **star is in the ascendant.**

သူ ကံကောင်းနေတယ်။

**32. Stand up**

*Maintain, Vindicate*

*ခိုင်မာစွာ ရပ်တည်သည်။*

◆ They are determined to **stand up** for their right.

သူတို့အခွင့်အရေးအတွက် ခိုင်မာစွာရပ်တည်ဖို့ ဆုံးဖြတ်ထားကြတယ်။

**33. Stand it out**

*Endure it to the end without yielding*

*ဆုံးခန်းတိုင် လုပ်ဆောင်သည်။*

◆ It is hard, but I think I can stand it out.

ဒါ ခဲယဉ်းတဲ့အလုပ်ပဲ။ ဒါပေမဲ့ ငါဆုံးခန်းတိုင် လုပ်နိုင်လိမ့်မယ်လို့ ထင်တယ်။

**34. Standing up for**

*Championing the cause of*

*ရပ်တည်ဆောင်ရွက်ပေးသည်။*

◆ He is always **standing up for** the weak and oppressed.

သူက အားနည်းသူနှင့် ဖိနှိပ်ခံတို့အတွက် အမြဲတမ်း ရပ်တည်ပေးတယ်။

**35. Stand over**

*Be deferred postponed*

*ရွှေ့ဆိုင်းသည်။*

◆ Let this matter **stand over** for the present.

လောလောဆယ် ဒီကိစ္စကို ရွှေ့ဆိုင်းလိုက်ကြစို့။

**36. Stand in his own light**

*Acts against his own interests*

*သူ့ကိုယ်ကျိုးနှင့် ဆန့်ကျင်သည်။*

◆ He does not understand that he **stand in his own light**.

သူ့ကိုယ်ကျိုးနဲ့ ဆန့်ကျင်နေတယ်ဆိုတာ သူ နားမလည်ဘူး။

**37. Stands to reason**

*Is a undoubted fact*

*သံသယဖြစ်စရာမရှိ။*

◆ It **stands to reason** that the poor men are always down-hearted.

ဆင်းရဲသောသူများသည် အမြဲစိတ်ဓာတ်ကျနေမယ်ဆိုတာ သံသယဖြစ်စရာမရှိပါ။

**38. Stood his ground**

*Maintained his position*

*ရပ်တည်သည်။*

◆ He **stood his ground** against his adversary.

သူက သူ့ပြိုင်ဘက်များကို ဆန့်ကျင်ပြီး ရပ်တည်သည်။

**39. Stood to his guns**

*Maintained his own opinion*

*ခိုင်မာစွာ ရပ်တည်သည်။*

◆ The speaker was heckled by the audience, but he **stood to his guns.**

မိန့်ခွန်းပြောတဲ့သူကို ကသိကအောက်ဖြစ်မယ့် မေးခွန်းတွေကို ပရိသတ်က မေးတယ်။ ဒါပေမဲ့ သူက သူ့အမြင်ကို ခိုင်မာစွာ ရပ်တည်ခဲ့ပါတယ်။

**40. Stained every nerve**

*Used his utmost efforts*

*အစွမ်းကုန် ကြိုးပမ်းခဲ့သည်။*

◆ He **stained every nerve** for holding a Master degree.

မဟာဘွဲ့ရအောင် သူက အစွမ်းကုန်ကြိုးပမ်းခဲ့တယ်။

**41. Stirred up a harnest's nest**

*Excited the hostility*

*ပျားအုံကို တုတ်နှင့်ထိုးသလို လှုပ်လှုပ်ရှရှဖြင့်*

◆ He **stirred up a harnest's nest** by his advocacy of window-remarriage.

သူရဲ့ "မုဆိုးမများထပ်မံလက်ထပ်ရေး" ဆိုတဲ့ ဖော်ပြချက်ကြောင့် ပျားအုံကို တုတ်နှင့်ထထိုးလိုက်သလို လှုပ်လှုပ်ရှရှ ဖြစ်ကုန်ကြတယ်။

**42. Struck down with**

*Attracked by*

*ဖိစီးနှိပ်စက်ခံရသည်။*

◆ He is struck down with paralysis.

သူက လေဖြတ်ရောဂါ ဖိစီးနှိပ်စက်တာ ခံနေရတယ်။

**43. Struck off**

*Removed*

*ပယ်ဖျက်သည်။*

◆ The Medical council struck off his name from the list of medical practitioners.
ဆေးကောင်စီက သူ့အမည်ကို ဆေးပညာရှင်များစာရင်းက ပယ်ဖျက်လိုက်တယ်။

**44. Struck in**
*Interrupted*
*ကြားဝင်နှောင့်ယှက်သည်။*

◆ While we were planning a family picnic, my sister **struck in** with the suggestion to accompany his friends.
ကျွန်တော်တို့မိသားစု ပျော်ပွဲစားထွက်ဖို့ စီစဉ်နေတုန်း ညီမလေးက သူ့သူငယ်ချင်းတွေကိုလည်း အတူခေါ်ဖို့ အကြံပေးပြီး ကြားဝင်နှောင့်ယှက်ခဲ့ပါတယ်။

□

# T

**1. Takes after**

*Resembles*

*တူသည်။*

◆ He **takes after** his father

သူက သူ့ဖခင်နှင့် တူတယ်။

**2. Take in**

*Comprehend, Understand*

*နားလည်သည်။*

◆ It is sometimes difficult to **take in** the meaning of this essay.

ဒီစာစီစာကုံးရဲ့ အဓိပ္ပာယ်ကို နားလည်ဖို့ ခဲယဉ်းတယ်။

**3. Takes up**

*Occupies*

*နေရာယူသည်။*

◆ This piano **takes up** two much room.

ဒီစန္ဒရားက နေရာ အများကြီး ယူထားတာပဲ။

**4. Take up**

*Occupy*

*အချိန်ယူသည်။*

◆ It would **take up** too much time to tell you the whole story.

ဖြစ်စဉ်တစ်ခုလုံးပြောဖို့ အချိန်အများကြီး ယူရလိမ့်မယ်။

**5. Taken to**

*Become addicted to*

*အကျင့်ဖြစ်သည်၊ စွဲသည်။*

◆ Recently he has **taken to** smoking.

မကြာမီကမှ သူ ဆေးလိပ်စွဲသွားတယ်။

**6. Take exception to**

*Object to*

*ကန့်ကွက်သည်။*

◆ I must take exception to your remark.

သင့်မှတ်ချက်ကို ကျွန်ုပ် ဆန့်ကျင်ကန့်ကွက်ရမယ်။

**7. Takes things easy**

*Does not work hard*

*ကြိုးကြိုးစားစား မလုပ်*

◆ He is wealthy by birth and now **takes things easy**.

သူက မွေးကတည်းက ချမ်းသာလာလို့ ဘာအလုပ်မှ ကြိုးကြိုးစားစား မလုပ်ဘူး။

**8. Talked over**

*Discussed*

*ဆွေးနွေးသည်။*

◆ We **talked over** the matter for an hour.

ကျွန်တော်တို့ ကိစ္စတစ်ခုကို တစ်နာရီတောင် ဆွေးနွေးခဲ့ကြတယ်။

**9. Talk him over**

*Convince him by talking*

*ယုံကြည်လက်ခံလာအောင် ပြောသည်။*

◆ I hope to **talk him over** to our views.

ကျွန်တော်တို့အမြင်ကို ယုံကြည်လက်ခံလာအောင် သူ့ကို ပြောနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**10. To the letter**

*Exactly*

*တစ်သဝေမတိမ်း တိတိကျကျ*

◆ He insisted on his orders being carried out **to the letter.**

သူ့အမိန့်တွေကို တစ်သဝေမတိမ်းလိုက်နာဖို့ အကျပ်ကိုင် ဖိအားပေးနေပါတယ်။

**11. To take stock of**

*To survey*

*စစ်ဆေးလေ့လာသည်။*

◆ This is the time to take stock of the whole situation.

ဒီအချိန်ဟာ အခြေအနေတစ်ရပ်လုံးကို စစ်ဆေးလေ့လာဖို့အချိန်ပဲ။

**12. To keep his own councel**

*To preserve a discreet silence*

*အချိန်ပေးစောင့်ဆိုင်းသည်။*

◆ He is not wise enough to keep his own councel.

သူ့အယူအဆကို တုံ့ပြန်ဖို့အတွက် အချိန်ပေးထားဖို့ သူနားမလည်ဘူး။

**13. Taken the wind out of my sails**

*Made my words or actions inffective*

*အကျိုးသက်ရောက်မှု မရှိရှိအောင် လုပ်သည်။*

◆ You have **taken the wind out to my sails**.
သင်က ကျွန်ုပ်ရဲ့စကားတွေကို အကျိုးသက်ရောက်မရှိတော့အောင် လုပ်လိုက်တယ်။

**14. Took him to task**

*Reproved him*

*အပြစ်တင်သည်။*

◆ I **took him to task** for him carelessness.
သူရဲ့သတိကင်းမှုအတွက် အပြစ်တင်လိုက်တယ်။

**15. Take their lives in their hands**

*Undergo great risks*

*အကြီးအကျယ် စွန့်စားသည်။*

◆ Explorers in the North Pole **take their lives in their hand**.
မြောက်ဝင်ရိုးစွန်းတွင် ရှာဖွေစွန့်စားသူများမှာ အကြီးအကျယ် စွန့်စားရသည်။

**16. Took a leaf out of his book**

*Imitated him*

*သူ့ကို လိုက်တုလုပ်သည်။ (သူ့နည်းအတိုင်း လုပ်သည်)*

◆ He always used delay tactics, and later his friend, **took a leaf out of his book**.
သူက အချိန်ဆွဲတဲ့နည်းဗျူဟာကို အမြဲသုံးတယ်။ နောက်ပိုင်း သူ့မိတ်ဆွေတွေကလည်း သူ့နည်းအတိုင်း လိုက်လာနေကြပါပြီ။

**17. Took to heart**

*Fell it deeply*

*စိတ်ထိခိုက်သည်*

◆ He **took** to his failure to **heart**.
သူ၏မအောင်မြင်မှုကို အထူး စိတ်ထိခိုက်နာကြည်းနေတယ်။

**18. Tell against**

*Prove unfavourable to you*

*မကောင်းပြောသည်။*

◆ I am afraid your neighbours will **tell against** you.

အိမ်နီးနားချင်းတွေက မင်းအကြောင်းကို မကောင်းပြောမှာ ငါစိုးရိမ်တယ်။

**19. Telling upon**

*Affecting*

*ထိခိုက်သည်။*

◆ The strain is telling upon his health.

အဲဒီဖိစီးမှုက သူ့ကျန်းမာရေးကို ထိခိုက်တာပဲ။

**20. Took away my breath**

*Very much surprised me*

*မထင်မှတ်ဘဲ အံ့အားသင့်သွားရသည်။*

◆ I took away my breath when I knew that he was a future teller.

သူ ဗေဒင်ဟောတတ်မှန်းသိတော့ ကျွန်တော် အလွန် အံ့ဩသွားတယ်။

**21. Took to heart**

*Was deeply affected by*

အတော်ထိခိုက်သည်။

◆ He **took to heart** the death of his wife.

သူ့ဇနီး သေဆုံးမှုအတွက် သူ အတော်ထိခိုက်သွားတယ်။

**22. Took heart**

*Cheered himself up*

*စိတ်ဓာတ်မြှင့်တင်သည်။*

◆ He was disappointed, but he **took heart**

သူ စိတ်ဓာတ်ကျနေတယ်၊ ဒါပေမဲ့ သူ့ကိုယ်သူ စိတ်ဓာတ်မြှင့်တင်ထားတယ်။

**23. Took to his heeds**

*Ran off*

*ထွက်ပြေးသည်။*

- The thief **took to his heels** on seeing a policeman.

သူခိုးက ရဲသားကို မြင်တာနှင့် ထွက်ပြေးတာပဲ။

**24. Thrown away**

*Wasted*

*အသုံးမတည့်၊ အသုံးမဝင်*

- My advice was **thrown away** upon him, because he ignored it.

ငါ့ရဲ့ အကြံပေးချက်က အသုံး မတည့်တော့ဘူး။ သူက ဒါကို လျစ်လျူရှုထားလို့ပဲ။

**25. Thrown out**

*Rejected*

*ပယ်သည်။*

- The bill was **thrown out** by the Hluttaw.

ဒီ ဥပဒေကို လွှတ်တော်က ပယ်ချလိုက်တယ်။

**26. Threw over**

*Abondoned; deserted*

*စွန့်ခွာသည်။*

- When he became rich, he **threw over** all his old friends.

သူချမ်းသာလာတော့ မိတ်ဆွေဟောင်းအားလုံးကို စွန့်ခွာလိုက်တယ်။

**27. Through thick and thin**

*Under all condictions.*

*အေးအတူ ပူအမျှ ရပ်တည်သည်။*

- He stood by me **through thick and thin**

သူက ငါ့အနားမှာ အေးအတူပူအမျှ ရပ်တည်နေတယ်။

**28. Threw cold water on.**

*Discourage him.*

*အားမပေးပါ။*

- His father **threw cold water** on his schems.

သူ့ လုပ်ဖော်ကိုင်ဖက်က သူ့စီမံကိန်းကို အားမပေးဘူး။

**29. Turns Out**

*Produces, Manufactures*

*ထွက်ရှိ၊ ထုတ်လုပ်သည်။*

- The factory **turns out** 2000 shirts a day.

စက်ရုံက တစ်နေ့ကို ရှပ်အင်္ကျီ ၂၀၀၀ ထုတ်လုပ်သည်။

**30. Turn him off**

*Dismiss him*

*ထုတ်ပယ်သည်။*

- If he is lazy, please **turn him off.**

သူက ပျင်းရိနေရင် အလုပ် ထုတ်ပစ်လိုက်ပါ။

**31. Turned against**

*Became hostile to*

*ရန်လိုလာသည်။*

- His close friend turned against him.

သူ့ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေက သူ့ကို ရန်လိုလာတယ်။

**32. Turn up**

*Happen*

*ဖြစ်ပေါ်စေသည်။*

- No one can say what will trun up next.

နောက် ဘာဖြစ်လိမ့်မယ်ဆိုတာကို ဘယ်သူမှ မပြောနိုင်ပါ။

**33. Turned out**

*proved.*

*ထင်ထင်ရှားရှား သိလာသည်။*

◆ He **turned out** to be a drunkard.

သူ အရက်သမားပဲဆိုတာ ထင်ထင်ရှားရှား သိလာရတယ်။

**34. Turned up**

*Appeared*

*ပေါ်လာသည်။*

◆ He promised to come, but he never **turned up.**

သူလာမယ်လို့ ကတိပေးသွားတယ်။ ဒါပေမဲ့ လုံးဝ ပေါ်မလာတော့ပါဘူး။

**35. Turned a deaf ear to**

*Disregarded*

*ဂရုမစိုက်။*

◆ He **turned** a deaf ear to my advice.

သူက ကျွန်တော့်အကြံပေးချက်ကို ဂရုမစိုက်ဘူး။

**36. Turned over a new leaf**

*Begun a different mode of life.*

*လုပ်ငန်းအသစ်ပြောင်းသည်။*

◆ I am very glad that he has **turned over a new leaf.**

သူ လုပ်ငန်းအသစ် ပြောင်းလုပ်တာကို သိပ်ဝမ်းသာတယ်။

**37. Turn his hand to**

*Adapt or apply himself to*

*လက်ခံကျင့်သုံးသည်။*

◆ He can **turn his hand to** anything.

သူက ဘယ်အရာမျိုးမဆို လက်ခံကျင့်သုံးနိုင်တယ်။

**38. Turns to account**

*profits by them*

*အကျိုးရှိအောင်လုပ်သည်။*

◆ He **turns** even his errors **to account.**
သူ့အမှားတွေ ပေါ်မှာတောင် သူက အမြတ်ထုတ်တယ်။ (အကျိုးရှိအောင်လုပ်တယ်)။

**39. Turned his head**
*Made him quite vain.*
*ကျောခိုင်းသွားသည်။*
◆ Success has **turned his head.**
အောင်မြင်မှုက သူ့ကို ကျောခိုင်းလိုက်ပြီ။

**40. Turned the corner**
*Passed the crisis.*
*အဆိုးဆုံးကို လွန်မြောက်သွားပြီ။*
◆ The doctor say the patient has **turned the corner.**
ဆရာဝန်က ပြောတယ်၊ လူနာက အဆိုးဆုံးကို လွန်မြောက်သွားပါပြီ။

**41. Turned up her nose at**
*Regarded with contempt.*
*မလေးမစား ပြုမူသည်။*
◆ His wife **turned up her nose at** his proposal to buy a car.
သူ့ဇနီးက သူ့ရဲ့ကားဝယ်ဖို့ အကြံပြုချက်ကို မလေးမစား တုံ့ပြန်တယ်။

**42. Turned the tables**
*Brought him to the position of disavantage lately held by himself.*
*သူ ရင်ဆိုင်နေရတဲ့ ဒုက္ခကို လွှဲပြောင်းပေးလိုက်တယ်။*
◆ He very cleverly **turned the tables** on his opponent.
သူ့ပြိုင်ဘက်အပေါ် လိမ္မာပါးနပ်စွာနှင့် သူ့အခက်အခဲကို ပခုံးပြောင်းပေးလိုက်တယ်။

**43. To all intents and purposes**
*Practically*
*လက်တွေ့အားဖြင့်*

◆ **To all intents and purpose** the prime minister was the ruler of the country.
လက်တွေ့အားဖြင့် ဝန်ကြီးချုပ်သည် တိုင်းပြည်အုပ်ချုပ်သူ ဖြစ်သည်။

**44. Tooth and nail**
*With all our power*
*အစွမ်းကုန်*

◆ We shall fight **tooth and nail** for our right.
ကျွန်ုပ်တို့ အခွင့်အရေးအတွက် အစွမ်းကုန် တိုက်ပွဲဝင်ကြရမယ်။

**45. True to their salt**
*Faithful to their employers*
*အလုပ်ရှင်အပေါ် သစ္စာရှိသည်။*

◆ The Myanmar soldiers were **true to their salt.**
မြန်မာစစ်သားများသည် နိုင်ငံအပေါ် အလွန်သစ္စာရှိကြသည်။

**46. The long and the short of it**
*The simple fact.*
*တိုတိုရှင်းရှင်း*

◆ The long and the short of it is that I do not agree with your opinion.
တိုတိုရှင်းရှင်း ပြောရရင်တော့ မင်းရဲ့အယူအဆကို ငါ သဘောမတူဘူး။

**47. To make good the loss**
*To compensate me for the loss*
*အလျော်အစားပေးသည်။*

◆ You will have **to make good the loss** to me.
ငါ့ရဲ့ ဆုံးရှုံးမှုအတွက် မင်း အလျော်ပေးရမယ်။

**48. To lord it over**

*To domineer over.*

*စိုးမိုးခြယ်လှယ်သည်။*

◆ He tried **to lord it over** his friends.

သူ့ရဲ့ မိတ်ဆွေတွေအပေါ်မှာ စိုးမိုးခြယ်လှယ်ဖို့ သူ ကြိုးစားတယ်။

**49. To rest on his laurels**

*To retire from active life.*

*လုပ်ငန်းမှ အနားယူရန်*

◆ As he was growing old, his friends persuaded him **to rest on his laurels.**

သူ့အသက်ကြီးလာလို့ လုပ်ငန်းက အနားယူဖို့ မိတ်ဆွေများက တိုက်တွန်းကြတယ်။

**50. To serve him out**

*To retaliate upon him*

*တုံ့ပြန် ကလဲ့စားချေသည်။*

◆ I shall manage **to serve him out.**

ငါ သူ့ကို တုံ့ပြန် ကလဲ့စားချေတော့မယ်။

**51. Thinks better of**

*Thought more carefully.*

*အလေးအနက် စဉ်းစဉ်းစားစား လုပ်သည်။*

◆ He **thinks better of** it now.

သူက အကောင်းဆုံးဖြစ်အောင် အလေးအနက် စဉ်းစားလုပ်တယ်။

**52. The thing**

*The proper thing.*

*လုပ်သင့် လုပ်ထိုက်သည်။*

◆ It is sold to do,

ဒီဟာက လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပါပဲ။

**53. Tried his hand**

*Made an attempt.*

*ကြိုးစားသည်။*

◆ Late in life he **tried his hand** at farming.

သူ့ဘဝနောက်ပိုင်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဖို့ ကြိုးစားတယ်။

**54. To keep his hand out of water.**

*To keep out of debt.*

*ကြွေးတင်အောင် လုပ်သည်။*

◆ He finds it rather difficult to keep his hand out of water.

ကြွေးကင်းအောင် လုပ်ရတာ အတော်ခဲယဉ်းကြောင်း သူတွေ့လာတယ်။

**55. To the back bone.**

*In every way.*

*ဘယ်ဘက်က ကြည့်ကြည့်*

◆ Don't trust those men. They are villains **to the back bone.**

အဲဒီလူတွေကို မယုံနဲ့၊ သူတို့က ဘယ်ဘက်ကကြည့်ကြည့် လူဆိုးတွေပဲ။

**56. To see eye to eye**

*To be in complete agreement*

*တစ်သဘောတည်း ရှိသည်။*

◆ I don't except him to **see eye to eye** with me on this matter

ဒီကိစ္စမှာ သူက ကျွန်တော်နှင့် တစ်သဘောတည်း ရှိလိမ့်မယ်လို့ မမျှော်လင့်ပါဘူး။

**57. To rough it**

*To endure hardship*

*အခက်အခဲတွေ့ကြုံရသည်။*

◆ He has **to roughed** to support his family.
သူ့မိသားစုကို ထောက်ပံ့ဖို့ အခက်အခဲတွေ တွေ့ကြုံရလိမ့်မယ်။

**58. To let the grass grow under his feet**
*To remain idle*
*အလွန်ပျင်းရိထိုင်းမှိုင်းသူ။*

◆ He is not the sort of man **to let the grass grow under his feet.**
သူက အလွန်ပျင်းရိ ထိုင်းမှိုင်းသူတော့ မဟုတ်ပါဘူး။

**59. To a nicety**
*Exactly*
*ကွက်တိ၊ အံဝင်ခွင်ကျ*

◆ This coat fits you **to a nicety.**
ဒီကုတ်အင်္ကျီက မင်းနဲ့ ကွက်တိပဲ။

**60. To be led by the nose.**
*To follow submissively*
*ကျိုးနွံစွာ နောက်လိုက်*

◆ He refused **to be led by the nose**
သူက ကျိုးကျိုးနွံနွံ နောက်လိုက်လုပ်ဖို့ ငြင်းဆန်တယ်။

**61. To small purpose**
*Without much practical benefit*
*လက်တွေ့အကျိုးများများ မရှိ။*

◆ **To small purpose** was the commission appointed.
ဒီအဖွဲ့ကို ဖွဲ့ပေးတာ လက်တွေ့အကျိုး သက်ရောက်မှု သိပ်မရှိပါ။

**62. To show him up**
*To disclose his villainy*
*ဆိုးသွမ်းမှုကို ဖော်ထုတ်သည်။*

◆ I threatened **to show him up** if he did not mend his attitude.

သူ့ အပြုအမူတွေကို ပြုပြင်ခြင်း မရှိလျှင် သူ့ဆိုးသွမ်းမှုကို ဖော်ထုတ်လိုက်မယ်လို့ ခြိမ်းခြောက်ထားတယ်။

**63. To snap his fingers at**

*To defy*

*ကာကွယ်ရန်*

◆ He is in a position **to snap his fingers at** his opponent.

သူ့ကို ဆန့်ကျင်သူတွေရဲ့ အန္တရာယ်မှ ကာကွယ်ဖို့ အနေအထား သူ့မှာရှိတယ်။

**64. To use one's own discretion**

*To the best of his ability.*

*ဉာဏ်မီသလောက် လုပ်ကိုင်သည်။*

◆ Everybody must have a chance **to use his own discretion.**

လူတိုင်းအား ဉာဏ်မီသလောက် လုပ်ကိုင်ဖို့ အခွင့်အရေး ရသင့်တယ်။

**65. To get on the brain**

*Give one's mind to*

*လုံး၀ အာရုံစိုက်သည်။*

◆ **To get** a thing **on the brain** may lead to be out of one's wits.

တစ်စုံတစ်ခုကို ဦးနှောက်ထဲက မထွက်အောင် အာရုံစိုက်ခြင်းဟာ စိတ်ဖောက်ပြန်မှုကို ဖြစ်စေလိမ့်မယ်။

**66. To a fault**

*over - indulgent*

*စိတ်လွတ်ကိုယ်လွတ် ပြစ်ချက်လုပ်တတ်သည်။*

◆ He is indulgent **to a fault.**

သူက စိတ်လွတ်ကိုယ်လွတ် ပြစ်ချက်တစ်ခုခုတော့ လုပ်နေတာပဲ။

**67. To run errands**

*To run an errand*

*To be at our service*

*လက်တိုလက်တောင်းခိုင်းဖို့*

◆ We all ask him **to run errands.**

တို့ အားလုံးက သူ့ကို လက်တိုလက်တောင်း ခိုင်းမယ်လို့ ပြောထားတယ်။

**68. Thrust your nose into**

*Meddle officiously in*

*ဝင်ရောက်နှောင့်ယှက်သည်။*

◆ Don't **thrust your nose into** my affairs.

ငါ့ကိစ္စတွေမှာ ဝင်ရောက် မနှောင့်ယှက်ပါနဲ့။

**69. Two can play at that game**

*Can retaliate in the same way*

*အလားတူ တန်ပြန်နိုင်သည်။*

◆ It is sure that **two can play at that game.**

အလားတူ တန်ပြန်နိုင်တယ်ဆိုတာ သေချာပါတယ်။

**70. Tread on their toes**

*Give offence to them.*

*သူတို့အား အပြစ်ဖြစ်စေသည်။*

◆ We must avoid saying or writing that would **tread on their toes.**

သူတို့အပေါ် အပြစ်ဖြစ်စေမယ့် ပြောဆိုမှု၊ ရေးသားမှုများကို ကျွန်ုပ်တို့ ရှောင်ရမယ်။

**71. The devil and the deep sea**

*I'm a great difficulty.*

*ဘေးကြပ်နံကြပ် အခက်အခဲတွေ့နေသည်။*

◆ He is between **the devil and the deep sea.**

သူက ဘေးကျပ်နံကျပ် အခက်အခဲ တွေ့နေတယ်။

**72. The belle**

*The prettiest; The queen*

အလှဘုရင်မ

◆ She is the belle of our town.

သူမက ကျွန်တော်တို့မြို့ရဲ့ အလှဘုရင်မပါပဲ။

□

## U

**1. Used to**

*Accustomed to*

အကျင့်ရသည်။

◆ Addicted to

လုပ်လေ့လုပ်ထရှိသည်။

☞ I am **used to** this climate.

ငါက ဒီရာသီဥတုနှင့် အကျင့်ရနေပြီ။

☞ He is **used to** playing with me.

သူက ကျွန်တော်နှင့် ကစားနေကျပါ။ (အမြဲတစေ)

**2. Under her thumb**

*Under her influence*

သူမ၏ ဩဇာခံ

◆ He is under the thumb of his wife.

သူက သူ့မိန်းမရဲ့ ဩဇာခံပဲ။

**3. Up against**

*Faced with*

တွေ့ကြုံရင်ဆိုင်သည်။

◆ I am **up against** great difficulties.
ငါ့မှာ အခက်အခဲတွေ ရင်ဆိုင်နေရတယ်။

**4. Ups and downs**
*Success and failure*
*အတက်အကျများ*

◆ **Ups and downs** in the life are unavoidable.
ဘဝတွင် အတက်အကျများက ရှောင်လွှဲမရပါ။

**5. Upper hand**
*Winning*
*နိုင်နေသည်။*

◆ Our team had **upperhand** in the game.
*ငါတို့အသင်းက ပြိုင်ပွဲမှာ နိုင်နေတယ်။*

□

## W

**1. War to the knife**

*A bitter and deadly struggle.*

*ဆုံးခန်းတိုင် ရေကုန်ရေခန်း လုပ်သည်။*

◆ The strikers threaten **war to the knife.**

ဆန္ဒပြသူများက ဆုံးခန်းတိုင်လုပ်ကြဖို့ ခြိမ်းခြောက်ထားတယ်။

**2. Wash my hands of**

*No more to be done with it.*

*ဆက်လက်ဆောင်ရွက်ဖို့ မရှိ။*

◆ **I wash my hands of** the whole matter.

ကိစ္စတစ်ခုလုံး လက်စသတ်ပြီးပြီ၊ ဆက်လုပ်ဖို့ မရှိတော့ပါ။

**3. Washing one's dirty linen in public.**

*Discussing unpleasant matters before strangers.*

*ကိုယ့်ချို့ယွင်းချက်များ အများရှေ့မှာ ဖော်ပြောသည်။*

◆ There is nothing so bad as **washing one's dirty linen in public.**

အရုပ်ဆိုးတာ ရှာလယ်ပြသသလိုလုပ်တာ အဆိုးဆုံးပဲ။

**4. Want out of his way**

*Took special trouble.*

*အထူးဒုက္ခခံသည်။*

◆ He **went out of his way** to oblige you.
မင်းအကျိုးဆောင်ဖို့ သူ အထူး ဒုက္ခခံတယ်။

**5. Where the shoe pinches.**
*Where the trouble lies*
*ဒုက္ခပေးမည့်အရာ*
◆ That is **Where the shoe pinches.**
အဲဒီဟာက ဒုက္ခပေးတဲ့ဟာပဲ။
◆ The wearer knows best **Where the shoe pinches.**
ဖိနပ် ပေါက်တာကို စီးတဲ့လူပဲသိတယ်။ (ကိုယ့်ဝမ်းနာ ကိုယ်ပဲသိပါတယ်)

**6. Well balanced**
*Resonable, Moderate*
*အယူအဆ မပြင်းထန်*
◆ He is a man of well-balanced opinions.
သူက အယူအဆ မပြင်းထန်တဲ့ အလယ်အလတ်သမားဖြစ်တယ်။

**7. Went well off**
*Succeed*
*အောင်မြင်သည်။*
◆ The national convention **went well off.**
အမျိုးသားညီလာခံက အောင်မြင်ခဲ့ပါတယ်။

**8. Will go hard with him.**
*Will suffer severely*
*အထိနာ မည်။*
◆ **It will go hard with him** if he keeps company with her.
သူမနဲ့ ဆက်ပေါင်းနေရင်တော့ မင်း အထိနာလိမ့်မယ်။

**9. Will stick at nothing**

*Will do nothing*

*ဘာမှမလုပ် အပျင်းထူသည်။*

◆ Beware of him! he **will stick at nothing.**

ဒီလူကို သတိထား၊ ဘာမှလုပ်တဲ့သူ မဟုတ်ဘူး။

**10. With a grain of salt**

*Doubt*

*သံသယရှိသည်။*

◆ People take his statements **with a grain of salt.**

လူတွေက သူ့ရဲ့တင်ပြချက်တွေကို သံသယရှိကြတယ်။

**11. With a silver spoon in his mouth**

*very welathy, since his birth.*

*မွေးကတည်းက ချမ်းသာ*

◆ He was born **with a silver spoon in his mouth.**

သူက ငွေလင်ပန်းနှင့် အချင်းဆေးခဲ့သူပါပဲ။

**12. With open arms.**

*With a warm welcomes.*

*လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။*

◆ The guest was received with open arms.

ဧည့်သည်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။

**13. Within a stone's throw of**

*At a short distance from*

*ခဲတစ်ပစ်လောက်မှာ*

◆ My house is within a stone's throw of the railway station.

ကျွန်တော့်အိမ်က ဘူတာရုံနှင့် မဝေးပါ။ ခဲတစ်ပစ်လောက်ပဲ ရှိတယ်။

**14. Without reserve**

*Fully, Implicity*

*ခြွင်းချက်မရှိ၊ လုံးဝ။*

◆ He accepted my statement **without reserve.**
ကျွန်တော့်အဆိုပြုချက်ကို ခြွင်းချက်မရှိ လက်ခံလိုက်ပါ။

**15. Wolf is sheep's clothing**
*Hypocrite*
*သူတော်ကောင်းယောင်ဆောင်သူ၊ သီလကြောင်*
◆ Beware of that **wolf in sheep's clothing.**
အဲဒီ သူတော်ကောင်းယောင်ဆောင်သူကို သတိထားပါ။

**16. Won his laurels**
*Acquired distinction or glory.*
*ထင်ရှားကျော်စောသည်။*
◆ He **won his laurels** in Myanmar.
သူက မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ပါပဲ။

**17. Won his spurs**
*Made his reputation.*
*နာမည်ကြီးသည်၊ ထင်ရှားလာသည်။*
◆ He **won his spurs** in paliamentary debate.
ပါလီမန်စကားစစ်ထိုးပွဲမှာ သူ နာမည်ကြီးသွားတယ်။

**18. Work on**
*Influence*
*အကျိုးသက်ရောက်သည်။*
◆ Nothing would **work on** him, although we soothe him with patience.
သူ့ကိုစိတ်ရှည်လက်ရှည် နှစ်သိမ့်ပေမယ့် ဘာမှ အကျိုးသက်ရောက်မှာ မဟုတ်ဘူး။

**19. Worked out**
*Solved*
*ဖြေရှင်းသည်။*

◆ He **worked out** the problem in a few minutes.
သူက ပုစ္ဆာကို စကားလေးနဲ့ အဖြေထုတ်နိုင်တယ်။

**20. Work up**
*Exccite*
*လှုပ်လှုပ်ရှားရှား ဖြစ်စေသည်။*

◆ He is sure to **work up** the mob.
လူထုပရိသတ်ကို လှုပ်ရှားအောင် သေချာပေါက် သူလုပ်နိုင်တယ်။

**21. Worked upon**
*Influenced*
*ဩဇာညောင်းသည်။*

◆ He **worked upon** the ignorant villagers
သူက မသိနားမလည်တဲ့ ကျေးရွာသူ ကျေးရွာသားတွေအပေါ်မှာ ဩဇာညောင်းနေတယ်။

**22. Wrapped up in**
*Absorbed in*
*ရစ်ပတ်လုံးထွေးနစ်မြုပ်*

◆ She is **wrapped up in** her own affairs, so she cannot think of other people's wishes.
သူမက သူ့ကိစ္စတွေထဲမှာ နစ်မြုပ်နေလို့ တခြားလူတွေအတွက် မစဉ်းစားနိုင်တော့ဘူး။

■